# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအကြောင်း လေ့လာခြင်း


စာတမ်းပြုစုတင်ပြသူ

ဒေါ်သီတာတင်

ဒုတိယညွှန်ကြားရေးမှူး

ရုံးအဖွဲ့(၁)

ဒေါ်အိအိစိုး

လက်ထောက်ညွှန်ကြားရေးမှူး

နိုင်ငံတကာဆက်ဆံရေးဌာနခွဲ



ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်

# Contents

၁။ နိဒါန်း ...................................................................................................၁
၂။ ဩစတြေးလျနိုင်ငံအဖြစ်ပေါ်ပေါက်လာပုံ ...................................................................၂
၂.၁။ ကနဦးနေထိုင်သူ တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း ........................................၂
၂.၂။ အစောပိုင်းဝင်ရောက်အခြေချ ဥရောပသားများ ......................................................၃
၃။ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပေါ်ပေါက်လာပုံ.............................................................၄
၄။ ဖက်ဒရယ်စနစ်ကျင့်သုံးမှု...........................................................................................၅
၄.၁။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပါဝင်ရမည့် လက္ခဏာရပ်များ ..........................၅
၄.၂။ ဖက်ဒရယ်စနစ်အရ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ ......................................................၆
၄.၃။ ဖက်ဒရယ်စနစ်အရ အာဏာခွဲဝေကျင့်သုံးခြင်း (Separation of Powers)..................၇
၅။ ၁၉၀၁ ခုနှစ် ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ (၁၉၈၅ ခုနှစ် ပြင်ဆင်ချက်အထိ) .........................................................................................................၉
၅.၁။ အုပ်ချုပ်ရေးကဏ္ဍ (The Executive)........................................................... ၁၀
၅.၁.၁။ ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီ/ အစိုးရအဖွဲ့ ............................................. ၁၀
၅.၂။ ဥပဒေပြုရေးကဏ္ဍ .................................................................................... ၁၁
၅.၂.၁။ အထက်လွှတ်တော် (Senate)............................................................ ၁၁
၅.၂.၂။ အောက်လွှတ်တော် (House of Representatives) ......................................... ၁၃
၅.၂.၃။ ပါလီမန် ........................................................................................ ၁၄
၅.၂.၄။ ပြည်နယ်များနှင့်၎င်းတို့၏ဥပဒေပြုအာဏာများ .................................................. ၁၅
၅.၂.၅။ ဓနသဟာယနှင့်ပြည်နယ်လုပ်ပိုင်ခွင့်အာဏာများအကြား ဆက်နွယ်မှု............... ၁၅
၅.၃။ တရားစီရင်ရေးကဏ္ဍ (The Judiciary)........................................................ ၁၆
၅.၃.၁။ တရားရုံးချုပ် (High Court of Australia)................................................ ၁၆
၅.၃.၂။ The Inter-State Commission ................................................................ ၁၇
၅.၃.၃။ ဖက်ဒရယ်တရားရုံး .......................................................................... ၁၈
၅.၃.၄။ ပြည်နယ်နှင့်ဒေသတရားရုံးများနှင့်ခုံရုံးများ (Tribunals).............................. ၁၉
၆။ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ...........................................................................၂၀
၇။ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review) နှင့်စပ်လျဉ်း သည့် အမှုအား လေ့လာတင်ပြခြင်း.............................................................................................၂၀
၈။ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပြင်ဆင်ခြင်း (Alteration of the Constitution) .................၂၄

၉။ အရေးပေါ်ကာလပြဋ္ဌာန်းချက် ............................................................................. ၂၄
၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်
နှိုင်းယှဉ်တင်ပြခြင်း ............................................................................................ ၂၅
၁၁။ သုံးသပ်တင်ပြချက် ............................................................................................ ၂၆
၁၂။ နိဂုံး ................................................................................................................ ၂၈

## ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအကြောင်း လေ့လာခြင်း

### ၁။ နိဒါန်း

ဩစတြေးလျနေသဟာယနိုင်ငံသည် ကမ္ဘာ့တောင်ဘက်ခြမ်းတွင် တည်ရှိသည်။ ဩစတြေးလျနိုင်ငံတွင် ကမ္ဘာ့အသေးဆုံးတိုက်ဖြစ်သော ဩစတြေးလျတိုက်၊ တက်စမေးနီးယားကျွန်းမကြီး၊ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းစုပေါင်းများစွာ ပါဝင်သည်။ အိမ်နီးချင်းနိုင်ငံများမှာ မြောက်ဘက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့တီမောနိုင်ငံနှင့် ပါပူအာနယူးဂီနီနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ဆော်လမွန်ကျွန်းစုများ၊ ဗနွားတူးနိုင်ငံနှင့် နယူးကယ်လီဒိုးနီးယား၊ အရှေ့တောင်ဘက်တွင် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။ အကျယ်အဝန်းမှာ ကီလိုမီတာ ၇,၆၉၂,၀၂၄ သန်းကျယ်ဝန်းပြီး နိုင်ငံ၏လူဦးရေမှာ (၂၇) သန်းကျော်နေထိုင်ကြသည်။ မြို့တော်မှာ ကန်ဘာရာ (Canberra) ဖြစ်ပြီး ဩစတြေးလျ အချက်အချာ ဒေသဟုခေါ်တွင်သည့် ပြည်ထောင်စုခရိုင်အတွင်း တည်ရှိသည်။ ကိုးကွယ်သည့် ဘာသာများမှာ ခရစ်ယာန် ၄၃.၉ %၊ အစ္စလာမ် ၃.၂ %၊ ဟိန္ဒူ ၂.၇ %၊ ဘာသာမဲ့ ၃၈.၉ % နှင့် ကျန်ရာခိုင်နှုန်းများမှာ အခြားဘာသာများကိုးကွယ်ကြပါသည်။

ဩစတြေးလျနိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများမှာ ဓာတ်သတ္တုတူးဖော်ခြင်း၊ စက်မှုကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းတို့ဖြစ်ကြသည်။ တိုင်းပြည်၏ မြင့်မားသောဝင်ငွေများကို သဘာဝအရင်းအမြစ်များဖြစ်ကြသည့် ဘောက်ဆိုက်သတ္တု (bauxite)၊ ကျောက်မီးသွေး၊ သံသတ္တုရိုင်းနှင့်ကြေးနီများ ပေါများစွာထွက်ရှိခြင်းမှ ရရှိသည်။

အကြီးဆုံးမြို့မှာ ဆစ်ဒနီမြို့ဖြစ်ပါသည်။ ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်ဘာသာ ဖြစ်ပါသည်။ သုံးစွဲသောငွေကြေးမှာ ဩစတြေးလျဒေါ်လာဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်နိုင်ငံ၏ တတိယမြောက်ချားလ်စ်ဘုရင် (ယခင်ဒုတိယမြောက် အဲလိဇဘက်ဘုရင်မ)၊ ဘုရင်ခံချုပ် David Hurley နှင့် လေဘာပါတီမှ ဝန်ကြီးချုပ် အန်တိုနီအယ်ဘာနိစ် (Anthony Albanese) တို့ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံတွင် ပြည်နယ် (၆) ခုနှင့် အဓိကဒေသကြီး (၂) ခုအပါအဝင် စုစုပေါင်းနယ်မြေ(၈)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်နယ်များမှာ နယူးဆောက်သ်ဝေးလ်စ် (New South Wales) ၊ ကွင်းစလန်ပြည်နယ် (Queensland)၊ တောင်ပိုင်း ဩစတြေးလျ (South Australia) ၊ တက်စ်မေးနီးယား (Tasmania)၊ ဝိတိုရိယ (Victoria)၊ အနောက်ပိုင်း ဩစတြေးလျ (Western Australia) တို့ဖြစ်ပြီး ဒေသကြီးများမှာ ဩစတြေးလျ မြောက်ပိုင်းဒေသကြီး (Northern Territory) နှင့် ဩစတြေးလျမြို့တော် ဒေသကြီး (Australian Capital Territory) တို့ဖြစ်ကြသည်။




ဩစတြေးလျနိုင်ငံ၏ တည်နေရာပြမြေပုံ

## ၂။ ဩစတြေးလျနိုင်ငံအဖြစ်ပေါ်ပေါက်လာပုံ

ဩစတြေးရှား "Austratia" ဟူသော စကားလုံး လက်တင်ဘာသာစကား "Australis" မှ ဆင်းသက်လာခြင်းဖြစ်ပြီး "တောင်ပိုင်း" "Southen" ဟု အမည်ရကြောင်း သိရှိရပါသည်။ ၁၈၀၄ ခုနှစ်တွင် Australia ဟူသော စကားလုံးကို တွင်ကျယ်စွာ အသုံးပြုလာကြခြင်းဖြစ်ပါသည်။ ၁၈၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အင်္ဂလိပ် ကိုလိုနီ အုပ်ချုပ်ရေးရုံးမှ တရားဝင် စတင်ခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် The Admiralty (The admiralty means (in Britain in the past) the government department controlling the Navy)[1] မှ သဘောတူလက်ခံပြီး ဩစတြေးလျတိုက်ဟု တရားဝင်ပြဋ္ဌာန်းလိုက်သည်။

### ၂.၁။ ကနဦးနေထိုင်သူ တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း

ဩစတြေးလျတိုက်တွင် ကနဦးနေထိုင်သူဒေသခံ ဩစတြေးလျတိုင်းရင်းသားများ ဖြစ်သော အက်ဘော်ရစ်ဂျင်နယ်များ(Aboriginal)နှင့် တောရက်စ်ရေလက်ကြား ကျွန်းသား (Torres Strait Islander) တို့ဖြစ်သည်ဟု သမိုင်းအထောက်အထားများအရ သိရှိရသည်။ အက်ဘော်ရစ်ဂျင်နယ်လူမျိုးစုများသည် ဩစတြေးလျတိုက်ကြီး၏ အဓိက ကုန်းတွင်းပိုင်းနေရာများနှင့် တက်စ်မေးနီးယားတို့တွင် အစပျိုးမှီတင်းနေထိုင်ကြပြီး၊ တောရစ်ရေလက်ကြားကျွန်းသားများမှာ ကွင်းစလန်ပြည်နယ်မြောက်ပိုင်းရှိ ကျွန်းများပေါ်

[1] Oxford Advanced Learner's Dictionary, Eight edition.

တွင် နေထိုင်ခဲ့ကြပေသည်။ ၎င်းနေရင်း လူမျိုးများ နေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်း ၄၂၀၀၀ ကျော်မျှရှိပြီဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

## ၂.၂။ အစောပိုင်းဝင်ရောက်အခြေချ ဥရောပသားများ

ခရစ်သက္ကရာဇ် ၁၇၀၀ ခုနှစ်နောက်များမှစ၍ ဥရောပနိုင်ငံသားများသည် ယခု လက်ရှိ ဩစတြေးလျတိုက် ကုန်းမြေကြီးကို စတင်တွေ့ရှိကာ ဝင်ရောက်နေထိုင်ကြ သည်ဟု သမိုင်းအထောက်အထားများက ဖော်ပြထားသည်။ ၎င်းအထောက်အထားများ အရ အစောဆုံး အနေဖြင့် ဂရိတ်ဗြိတိန်(Great Britain) နိုင်ငံသားများသည် ၁၇၈၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အကျဉ်းသားများ သယ်ဆောင်လာသော သင်္ဘောအစင်း ပေါင်း ၁၁ စီးဖြင့် စတင်ရောက်ရှိလာခဲ့ကြသည်။ ထိုသင်္ဘော ၁၁ စီးကို ပထမသင်္ဘောစု - ဖတ်စ်တ်ဖလီးတ် (First Fleet) သမိုင်းတွင် မှတ်တမ်းတင်ထားကြသည်။ ထိုစဉ်က ဗြိတိန် နိုင်ငံ (Britain) ၏ တရားစီရင်ရေးဥပဒေမှာ ပြင်းထန်လွန်းလှသဖြင့် ထောင်သွင်းအကျဉ်း ချခံရသူ များပြားလှပေရာ နိုင်ငံအတွင်းရှိ ထောင်များမှာ နေရာမလောက်မငှ ပြဿနာ ဖြစ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗြိတိန်နိုင်ငံ (Britain) မှ စွန့်ဦးရှာဖွေသူများက ကိုလိုနီနယ်မြေများကို စတင်တွေ့ရှိကာ သွားရောက်စူးစမ်းကြသူများစွာရှိခဲ့ရာ ဩစတြေးလျတိုက်သည်လည်း ဗြိတိသျှကိုလိုနီနယ်တစ်ခုဖြစ်ခဲ့သည်။ များပြားလှသော ထောင်သွင်း အကျဉ်းချထားသူများကို အခြားတစ်နေရာသို့ ပို့ဆောင်၍ နယ်မြေချဲ့ထွင် ခြင်းသည်သာ ပြည့်ကျပ်နေသော နိုင်ငံတွင်း ထောင်များ၏ ပြဿနာကို ဖြေရှင်းရာ ဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ဖြင့် နယူးဆောက်သ်ဝေးလ်စ် ပြည်နယ်သည် ၎င်းတို့အခြေ စတင်ချရာနေရာဖြစ်သည်ဟု သမိုင်းပညာရှင်များ သုံးသပ်သည်။

ထိုရှေးဦးအခြေချကိုလိုနီနယ်မြေ (လက်ရှိ နယူးဆောက်သ်ဝေးလ်စ်ကို) ကပ္ပတိန် အာသာ ဖိလစ်ပ် (Captain Arthur Phillip) ဆိုသူက ပထမဆုံး ဘုရင်ခံအနေဖြင့် အုပ်ချုပ် သည်။ အစောပိုင်းနှစ်များတွင် ထိုနယ်မြေသစ်၌ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ် ပြီး ကိုလိုနီနယ်မြေဟု ကြေညာလိုက်ပြီးနောက်ပိုင်းတွင် အကျဉ်းသားများသာမက ရိုးရိုး ဝင်ရောက်အခြေချလိုသူ အရပ်သားများပင် ဝင်ရောက်နေထိုင်လာခဲ့ကြရာ အဆင့်ဆင့် တိုးတက်စည်ကားလာခဲ့သည်။ တစ်ပြိုင်နက်ထဲမှာပင် တိုက်ကြီး၏ တခြားအပိုင်းများကို လည်း ကိုလိုနီများ စတင်တည်ထောင်လာကြသည်။ အစောဆုံး သာမန်အခြေချလိုသူ အရပ်သားများသည် ဗြိတိန်နိုင်ငံ (Britain) နှင့် အိုင်ယာလန်နိုင်ငံ (Ireland) များမှ ဖြစ်ကြ သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံ၏ ဖြစ်စဉ်သမိုင်း၊ ရိုးရာဓလေ့နှင့် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများသည် ၎င်းတို့ အမွေအနှစ်များမှ ဆင်းသက်ဆက်နွယ်လျက် ရှိပါသည်။

ထို့အပြင် ခရစ်သက္ကရာဇ် ၁၈၅၁ အတွင်း၌ နယူးဆောက်သ်ဝေးလ်စ်ပြည်နယ်နှင့် ဗိတိုရိယပြည်နယ်များရှိ ကိုလိုနီနယ်မြေများတွင် ရွှေထွက်သဖြင့် ကမ္ဘာ့အရပ်ရပ်မှ

လူပေါင်းများစွာတို့သည် ထိုကိုလိုနီနယ်မြေများသို့ ရွှေတူးရန် ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် ဥရောပသားများအပြင် တရုတ်လူမျိုးများပါ အလုံးလိုက်အရင်းလိုက် ရောက်ရှိလာခဲ့ကြသည်။ လူဦးရေမှာ အချိန်ကာလ ၁၀ နှစ်အတွင်း နှစ်ဆတိုးပွားလာခဲ့သည်။[2]

မြောက်ဘက်အရပ်မှ တံငါသည်များ တစ်ခါတစ်ရံလာရောက်မှုနှင့် ဥရောပမှ ဒတ်ချ်လူမျိုး စူးစမ်းရှာဖွေသူတို့၏ ၁၆၀၆ ခု ရှာဖွေတွေ့ရှိမှုအပြီးတွင် သြစတြေးလျအရှေ့ခြမ်းကို ဗြိတိသျှတို့က ပိုင်နက်အဖြစ် ၁၇၇၀ တွင် ကြေညာခဲ့သည်။ ကနဦးပိုင်းတွင် ၁၇၈၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ အစပြု၍ နယူးဆောက်ဝေးကိုလိုနီဒေသသို့ ရာဇဝတ်မှုကျူးလွန်သူတို့အား ပို့လွှတ်ရာဒေသအဖြစ် အသုံးပြုခြင်းအားဖြင့် အင်္ဂလိပ်တို့ စတင်ရောက်ရှိလာခဲ့သည်။ လူဦးရေတိုးပွားလာပြီး နယ်မြေသစ်များ ရှာဖွေတွေ့ရှိလာသည်နှင့် အမျှ ၁၉ ရာစုနှစ်တွင် ဗြိတိသျှ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ရေမြေခြား ကိုလိုနီတိုင်း ကြီး ၅ တိုင်းကို ထပ်မံတည်ထောင်ခဲ့သည်။

၁၉၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကိုလိုနီတိုင်းကြီး ၆ ခုကို ဖက်ဒရယ်စနစ်ဖြင့် ပူးပေါင်းခဲ့ပြီး သြစတြေးလျဓနသဟာယနိုင်ငံကို ထူထောင်ခဲ့သည်။

## ၃။ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပေါ်ပေါက်လာပုံ

၁၉၀၁ ခုနှစ် သြစတြေးလျဓနသဟာယနိုင်ငံကို မထူထောင်မီ ကိုလိုနီနယ်များ၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် ၁၈၉၀ ခုနှစ်များ၌ ကျင်းပခဲ့သော ညီလာခံများတွင် သြစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေကို ရေးဆွဲခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံအက်ဥပဒေ အာဏာသက်ဝင်ခြင်းမရှိသေးခင် ဖွဲ့စည်းပုံပါအချက်များကို နယူးဆောက်သ်ဝေးလ်စ်၊ ကွင်းစလန်ပြည်နယ်၊ တောင်ပိုင်းသြစတြေးလျ၊ တက်စ်မေးနီးယား၊ ဝိတိုရိယ၊ အနောက်ပိုင်းသြစတြေးလျပြည်နယ်များ၏ ပြည်သူများက ချွင်းချက်အနည်းငယ်ဖြင့် အတည်ပြုထောက်ခံခဲ့သည်။

၁၉၀၁ ခုနှစ် သြစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအတည်မဖြစ်ခင်က ဗြိတိန်ပါလီမန်၏ အက်ဥပဒေသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဗြိတိသျှကိုလိုနီ ၆ ခုအပေါ် အပြီးအပြတ်ဖြစ်သည်။ ၁၉၀၀ ပြည့်နှစ်တွင် သြစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေကို အတည်ပြုခဲ့ပြီး ၁၉၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ လက်ရှိ သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေသည် သြစတြေးလျလူမျိုးများက စိတ်ကူးပုံဖော်ရေးဆွဲထားပြီး အတည်ပြုထောက်ခံထားသည့် မှတ်တမ်းအထောက်အထားတစ်ခုဖြစ်သည်။

ထိုအချိန်ကတည်းက သြစတြေးလျနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး သြစတြေးလျနိုင်ငံ၏ အခြေခံဥပဒေအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဝိသေသ

[2] https://my.wikipedia.org/wiki/

လက္ခဏာကို မြင်တွေ့နိုင်ပါသည်။ ဗြိတိန်ပါလီမန်၏ အက်ဥပဒေတစ်ရပ်အနေဖြင့် မဟုတ်ဘဲ ဩစတြေးလျပြည်သူများ၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံပါအချက်များသည် စည်းနှောင်မှုရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပါက ပုဒ်မ ၁၂၈ အရ ဩစတြေးလျပြည်သူများ၏ အတည်ပြုထောက်ခံချက်ဖြင့် ပြင်ဆင်ရန်ဟု ဩစတြေးလျပြည်သူများ၏ အချုပ်အခြာ အာဏာကိုလည်း အသိအမှတ်ပြုပြဋ္ဌာန်းထားသည်။

၁၉၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဓနသဟာယပေါ်ပေါက်လာပြီး ကိုလိုနီ ၆ ခု သည် ဩစတြေးလျနိုင်ငံ၏ ပြည်နယ် ၆ ပြည်နယ်ဖြစ်လာသည်။

## ၄။ ဖက်ဒရယ်စနစ်ကျင့်သုံးမှု

ဖက်ဒရယ်စနစ်သည် ဖက်ဒရေးရှင်းခေါ် ပြည်နယ်အများ စုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုပုံစံဖြစ်သည်။ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီဆိုင်ရာစည်းမျဉ်းများနှင့် အဖွဲ့အစည်းများအပေါ် အခြေခံထားသော စနစ်တစ်ခုဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာများကို မျှဝေသုံးစွဲသည့်စနစ်ဖြစ်ပါသည်။[3]

### ၄.၁။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပါဝင်ရမည့် လက္ခဏာရပ်များ

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအားဖြင့် ပါဝင်ရမည့်လက္ခဏာရပ် များရှိကြောင်း ယေဘုယျအားဖြင့် တွေ့ရှိရပါသည်။ အချို့သော နိုင်ငံရေးသိပ္ပံပညာရှင်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပညာရှင်များက ထိုအချက်များမရှိဘဲ နိုင်ငံတစ်နိုင်ငံ သည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု မရှိနိုင်ဟု ဆိုကြပါသည်။ ထိုအချက်များ မှာ–

(က) အာဏာခွဲဝေခြင်း (Division of Power)

(ခ) အက္ခရာတင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Written Constitution)

(ဂ) ပြုပြင်ပြောင်းလဲရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution)

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးနိုင်မှု (Supremacy of Constitution)

(င) လွတ်လပ်သော တရားစီရင်ရေး (Independent Judiciary)

---

[3] မောင်ဝံသရေးသားသည့် ခေတ်မီနိုင်ငံရေးဝေါဟာရအဘိဓာန် (A modern Dictionary of Political Terms)၊ ၂၀၁၁၊ စာ-၁၉၄။

(စ) လွှတ်တော်နှစ်ရပ် (Bicameral Legislature)

(ဆ) Decentralization system တို့ဖြစ်သည်။[4]

### ၄.၂။ ဖက်ဒရယ်စနစ်အရ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

ဖက်ဒရယ်စနစ်သည် အချို့ကိစ္စရပ်များ(နိုင်ငံတည်ဆောက်ရာ ယင်းနိုင်ငံအတွင်းရှိ ပြည်နယ်များ၏ စည်းလုံးညီညွတ်မှုအတွက်) အထောက်အပံ့ဖြစ်စေပြီး၊ အခြားသောကိစ္စရပ်များ (အုပ်ချုပ်ရေး/စီမံခန့်ခွဲရေး)တွင် ဒေသတွင်းကိုယ်ပိုင်အစိုးရကို အားပေးသည်။ နိုင်ငံတစ်နိုင်ငံအား ဖက်ဒရယ်နိုင်ငံတစ်ခုအသွင် ဖွဲ့စည်းတည်ဆောက်ရသည့် အကြောင်းရင်းခံများမှာ ကွဲပြားကြသည်။ ငြိမ်းချမ်းရေးတည်မြဲမှုကို အားပေးကူညီရန် သို့မဟုတ် မတူကွဲပြားမှုကို စီမံခန့်ခွဲ (ညီညွတ်ခြင်း၊ မျှတခြင်း၊ လွတ်လပ်ခြင်း)ရန်အတွက် ဖက်ဒရယ်နိုင်ငံတစ်ခုကို ထူထောင်လေ့ရှိကြသည်။[5]

၁၈၈၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံက ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်နေသောနိုင်ငံများအားစုစည်း၍ ဗြိတိသျှဓနသဟာယနိုင်ငံများ ဖွဲ့စည်းရန် တိုက်တွန်းခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ကင်မရွန်းနိုင်ငံ အစရှိသော အဖွဲ့ဝင်နိုင်ငံပေါင်း (၅၃)ဖြင့် ဓနသဟာယနိုင်ငံများအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့၏ အကြီးအကဲအဖြစ် ဗြိတိန်နိုင်ငံ၏ တတိယမြောက်ချားလ်စ်ဘုရင် (ယခင် အဲလိဇဘက်စ်ဘုရင်မ II)အား ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီး ထိုအဖွဲ့အစည်း၏ ပြယုဂ်အမှတ်သင်္ကေတဖြစ်သည်။ သို့သော် နိုင်ငံရေး၊ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုမရှိဘဲ ပြယုဂ်သဘောသာဖြစ်သည်။ ထို့ပြင် ၎င်းသည် အဖွဲ့ဝင် ၁၅ နိုင်ငံဖြစ်သော ဓနသဟာယဘုရင့်နိုင်ငံများအဖွဲ့ (Commonwealth realm) ၏ (အခြေခံဥပဒေအရ) နိုင်ငံများ၏ စည်းမျဉ်းခံဘုရင်နှင့် အကြီးအကဲ (Constitutional Monarchy and Head of the States of Commonwealth realm) လည်းဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် ဓနသဟာယတည်ထောင်မှုသည် ပြည်နယ်အများစုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုပုံစံ “federation” အရ ဩစတြေးလျနိုင်ငံကို ဖက်ဒရယ်အစိုးရစနစ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ ဖက်ဒရယ်စနစ်ရ ဩစတြေးလျနိုင်ငံတွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေမှုသည် ဓနသဟာယနှင့် ပြည်နယ် ၆ ခုအကြား ခွဲဝေကျင့်သုံးခြင်းဖြစ်ပါသည်။ (မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိရန် ဗြိတိသျှတို့နှင့် ညှိနှိုင်းမှုများပြုလုပ်စဉ်အခါက ဗြိတိသျှဓနသဟာယနိုင်ငံများအဖွဲ့ ဖွဲ့စည်းချိန်၌ ယင်းအဖွဲ့သို့ ဝင်ရောက်ခွင့်ရရှိသော်လည်း ဝင်ရောက်ခြင်းမပြုခဲ့ပါ)

---

[4] What Are The Essential Characteristics Of Federal Constitution? (lawcorner.in)

[5] Cheryl Saunders, ဖက်ဒရယ်နိုင်ငံများတွင် အာဏာခွဲဝေခြင်း (IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစာတမ်းတို၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)

၁၉၀၁ ခုနှစ်မှစ၍ ပြည်နယ်များကိုသတ်မှတ်၍ ပြည်နယ်အလိုက် ကိုယ်ပိုင် ဖွဲ့စည်းပုံ အခြေခံဥပဒေ (Sub-state Constitution) ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Sub-state Executive)၊ ဥပဒေပြုပိုင်ခွင့် (Sub-state Legislative)၊ တရားစီရင်ပိုင်ခွင့် (Sub-state Judiciary) အသီးသီးရှိပါသည်။ ဩစတြေးလျဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဆက်လက်ထိန်းသိမ်းထားရန် ရှင်းလင်းစွာ အာမခံပေးထားပါသည်။[6]

ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေသည် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေထားမှုများကို တစ်ခုချင်းစီအလိုက် စုစည်းထားသည့်မူသဘောဖြင့် ဗြိတိသျှအစိုးရ၏ ပါလီမန်စနစ်အပေါ် အမှီပြုရေးဆွဲထားသည်။

ဖက်ဒရယ်ပြည်ထောင်စုအပေါ်အခြေခံထားသောစည်းမျဉ်းခံဘုရင်စနစ် ဒီမိုကရေစီနိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အကြီးအကဲမှာ ယခုတတိယမြောက်ချားလ်စ်ဘုရင်ဖြစ်သည်။ ဘုရင်ခံချုပ်၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့၊ ဥပဒေပြုလွှတ်တော်နှစ်ရပ်နှင့် တရားစီရင်ရေးဌာနတို့ ပါဝင်သည်။[7]

## ၄.၃။ ဖက်ဒရယ်စနစ်အရ အာဏာခွဲဝေကျင့်သုံးခြင်း (Separation of Powers)

ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံတွင် အစိုးရအဆင့် ၂ ဆင့် အနည်းဆုံးပါဝင်ပြီး တစ်ဆင့်ချင်းစီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတိုင်းအတာကိုယ်စီရှိကြသည်။ ဖက်ဒရယ်စနစ်တစ်ရပ် ကျင့်သုံးသော အစိုးရအုပ်ချုပ်သည့် နိုင်ငံများတွင် အဆိုပါအဆင့်များကြား လုပ်ပိုင်ခွင့်အာဏာခွဲဝေသည့် နည်းလမ်းအသွယ်သွယ်သည် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုရှိသည်။[8]

ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်သော ဩစတြေးလျနိုင်ငံတွင် နိုင်ငံတော်၏အာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အား ခွဲဝေအပ်နှင်းထားပါသည်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအကြားတွင် တင်းကြပ်စွာ သတ်မှတ်ထားခြင်းမရှိဘဲ ပိုင်းခြားကျင့်သုံးသည်။ (အုပ်ချုပ်ရေးအကြီးအကဲဖြစ်သော ဘုရင်ခံချုပ်သည် ပါလီမန်တွင် ခနေသဟာယ ဗြိတိသျှဘုရင်ကိုယ်စား ပါဝင်ပါသည်။ သို့ရာတွင် အစိုးရအဖွဲ့အကြီးအကဲဖြစ်သော ဝန်ကြီးချုပ်သည် အောက်လွှတ်တော် (House of Representatives) တွင် မဲအများဆုံးအနိုင်ရပါတီ၏ အကြီးအကဲဖြစ်ပါသည်။ သို့ရာတွင် လွှတ်တော်ကို တာဝန်ခံရပါသည်။) တရားစီရင်ရေးတွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review) ကို

[6] Section 106-108 of the Australia Constitution 1901

[7] Encyclopedia of World Constitutions Copyright © 2007 by Gerhard Robbers

[8] Cheryl Saunders, ဖက်ဒရယ်နိုင်ငံများတွင် အာဏာခွဲဝေခြင်း (IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစာတမ်းတို၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)

ကျင့်သုံးခွင့်ရှိသည်။ ဗဟိုအစိုးရသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာတစ်ခုချင်း အလိုက် အထူးပြုပေးအပ်ထားသည်။ သို့ရာတွင် ခြွင်းချက်အဖြစ် နိုင်ငံတော်ကာကွယ်ရေးကိစ္စရပ်များတွင်မူ ဗဟိုအစိုးရနှင့် ပြည်နယ်များ ထပ်တူညီမျှကျင့်သုံးနိုင်သည်။ ဝိရောဓိဖြစ်စေသော မည်သည့် ကိစ္စအတွက်ကိုမဆို ဗဟိုအစိုးရ၏ဥပဒေဖြင့်သာ လွှမ်းမိုးဖြေရှင်းစေရသည်။

ဩစတြေးလျနိုင်ငံသည် ဗြိတိသျှ၏ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အလျောက် Common Law စနစ်ကို ကျင့်သုံးပြီး ဩစတြေးလျဓနသဟာယနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ၏ ဖက်ဒရယ်စနစ်အာဏာ ခွဲဝေကျင့်သုံးမှုအရ အာဏာခွဲဝေကျင့်သုံးသည့်ပုံစံ (ဒေါင်လိုက်အာဏာခွဲဝေခြင်းပုံစံ (Vertical division of powers)) တွင် အာဏာခွဲဝေသည့် အချက် (၄) ချက်ကို တွေ့ရှိရပါသည်။ ယင်းတို့မှာ -

(က) အသေးစိတ်တိကျသောအခွင့်အာဏာ (Specific power)

(ခ) ပြည်ထောင်စု၏ သီးသန့်အခွင့်အာဏာ (Exclusive powers)

(ဂ) ထပ်တူပြုအာဏာ (Concurrent powers)

(ဃ) ကြွင်းကျန်အာဏာ (Residual powers) တို့ဖြစ်ပါသည်။

အသေးစိတ်တိကျသောအခွင့်အာဏာမှာ ဓနသဟာယပါလီမန်သို့ အပ်နှင်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ နှင့် ၅၂ ပါ ဥပဒေပြုစာရင်းပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးမှုရှိရေး၊ ကောင်းမွန်သောအစိုးရဖြစ်ရေးတို့အတွက် ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာဖြစ်ပါသည်။ ဥပမာ- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စများ

သီးသန့်အခွင့်အာဏာမှာ ဓနသဟာရပါလီမန်ကသာ လုပ်ပိုင်ခွင့်ရှိပြီး ပြည်နယ်များက ဆောင်ရွက်ပိုင်ခွင့်မရှိသော သီးခြားဥပဒေပြုပိုင်ခွင့်အာဏာဖြစ်ပါသည်။ ဥပမာ- ငွေကြေးစနစ်

ထပ်တူပြုအာဏာမှာ ဗဟိုနှင့် ပြည်နယ်များ ထပ်တူရရှိသော ဥပဒေပြုအာဏာများဖြစ်ပါသည်။ သိသာထင်ရှားသောဥပမာမှာ အခွန်ကောက်ခံခြင်းဖြစ်ပါသည်။ ဓနသဟာယနှင့် ပြည်နယ်များတွင် Concurrent powers ရှိသော်လည်း **ပြည်နယ်များက ပြဋ္ဌာန်းသော ဥပဒေတစ်ရပ်သည် ဓနသဟာယ၏ ဥပဒေ(ပြည်ထောင်စုဥပဒေ)များနှင့်ကွဲလွဲပါက**

**ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၀၉ အရ ဓနသဟာယ၏ ဥပဒေများက ပြည်နယ်များ၏ ဥပဒေအပေါ် လွှမ်းမိုးသည်။**[9]

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖက်ဒရယ်သဘောသဘာဝအား ထိန်းသိမ်းရန် အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၁ သို့မဟုတ် ဖွဲ့စည်းပုံ၏ အခြားနေရာတွင် ပြဋ္ဌာန်းသော လုပ်ပိုင်ခွင့်အရ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို မကျော်လွန်စေဘဲ **ပြည်နယ်များတွင် ကြွင်းကျန်အာဏာ (Residual powers) ကို ပေးအပ်ထားပါသည်။**[10]

ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုမှ အစိုးရတစ်ဆင့်ချင်းစီ အတွက် သတ်မှတ်ထားသည့် သီးခြားအာဏာများသည် ကွဲပြားကြသည်။ ဥပမာအားဖြင့်– ထိုသို့ကွဲပြားရခြင်းမှာ ဒေသ၏ရေခံမြေခံအခြေအနေ၊ ဒေသ၏လိုလားချက်များ၊ ဖက်ဒရယ်နိုင်ငံ၏ ယေဘုယျအသွင်သဏ္ဌာန်နှင့် နိုင်ငံတော်အား ဖက်ဒရယ်နိုင်ငံအဖြစ် ဖွဲ့စည်းတည် ဆောက်ရသည့် ရည်ရွယ်ချက်တို့အပေါ်မူတည်၍ အာဏာများကို ရွေးချယ် သတ်မှတ်ရသည့်အတွက်ဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် အထွေထွေပြစ်မှုဆိုင်ရာ ဥပဒေသည် ပြည်နယ်အာဏာတစ်ရပ်ဖြစ်ပြီး၊ ကနေဒါနှင့် မလေးရှားနိုင်ငံတို့တွင် ၎င်းတို့သည် ပြည်ထောင်စုအဆင့်တွင် သက်ရောက်သည်။ အမေရိကန်ပြည်ထောင်စုတွင် လက်ထပ် ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့သည် ပြည်နယ်အာဏာများဖြစ်၍ ဩစတြေးလျနိုင်ငံတွင် ပြည်ထောင်စုအဆင့်အရေးကိစ္စများဖြစ်သည်။

ဖက်ဒရယ်နိုင်ငံတစ်ခုတွင် အစိုးရသည် ယင်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာ၌ အစိုးရတစ်ဆင့်နှင့်တစ်ဆင့် ပူးပေါင်းဆောင်ရွက်လေ့ရှိသည်။ ပူးပေါင်းဆောင်ရွက်နိုင်ခြေရှိခြင်းသည် ဥပဒေပြုရေးအာဏာများ ခွဲဝေသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းရင်းတစ်ချက်ဖြစ်သည်။ ဥပမာအားဖြင့် ဩစတြေး လျနိုင်ငံတွင် ဆေးရုံများအား ပံ့ပိုးကူညီခြင်းနှင့် စီမံခန့်ခွဲခြင်းတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ပိုင်ခွင့်အာဏာဖြစ်သော်လည်း၊ ဆေးကုသရေးအာမခံသည် ပြည်ထောင်စု အဆင့် လုပ်ပိုင်ခွင့်အာဏာဖြစ်သည်။[11]

## ၅။ ၁၉၀၁ ခုနှစ် ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ (၁၉၈၅ ခုနှစ် ပြင်ဆင်ချက်အထိ)

ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေကို ၁၉၀၁ ခုနှစ်တွင် စတင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၆ ခုနှစ်၊ ၁၉၂၈ ခုနှစ်၊ ၁၉၄၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်တွင် (၃) ကြိမ် စုစုပေါင်း (၈) ကြိမ်ပြင်ဆင်ခဲ့ပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံ

---

[9] Section 109 Australia Constitution of 1901

[10] https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_

[11] Cheryl Saunders, ဖက်ဒရယ်နိုင်ငံများတွင် အာဏာခွဲဝေခြင်း (IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစာတမ်းတို၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)

အခြေခံဥပဒေမှာ ၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ (၁၉၈၅ ခုနှစ် ပြင်ဆင်ချက်အထိ) ဖြစ်ပါသည်။ ယင်းအက်ဥပဒေတွင် အခန်းပေါင်း (၈) ခန်း၊ ပုဒ်မ ၁၂၈ ခု၊ ဇယား ၁ ခုတို့ ပါဝင်ပါသည်။

### ၅.၁။ အုပ်ချုပ်ရေးကဏ္ဍ (The Executive)

ဖက်ဒရယ်ပြည်ထောင်စုအပေါ် အခြေခံထားသည့် စည်းမျဉ်းခံဘုရင်စနစ် ဒီမိုကရေစီနိုင်ငံဖြစ်၍ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ဗြိတိန်နိုင်ငံ၏ တတိယမြောက်ချားလ်စ်ဘုရင် (ယခင် အဲလိဇဘက် ဘုရင်မ II) ထံတွင် အပ်နှင်းထားပြီး ၎င်း၏ကိုယ်စား ဘုရင်ခံချုပ်က ကျင့်သုံးဆောင်ရွက်သည်။[12] ဘုရင်ခံချုပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။[13] ဘုရင်ခံချုပ်အား ဘုရင်က ခန့်အပ်ပြီး နိုင်ငံတော်၏အကြီးအကဲ အခမ်းအနားများတွင် ဘုရင်ကိုယ်စားဆောင်ရွက်ရသည်။ ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီ (အစိုးရအဖွဲ့)က ဘုရင်ခံချုပ်အား အထောက်အပံ့ပေးရသည်။

#### ၅.၁.၁။ ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီ/ အစိုးရအဖွဲ့

ဘုရင်ခံချုပ်အား အကြံပေးရန် ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီတစ်ရပ်ရှိသည်။[14] ဝန်ကြီးချုပ်အား ဘုရင်ခံချုပ်က ခန့်အပ်သည်။[15] ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်သည် ဩစတြေးလျဓနသဟာယနိုင်ငံ၏ အစိုးရအကြီးအကဲဖြစ်သည်။ ဓနသဟာယပါလီမန်အောက်လွှတ်တော်၌ အမတ်နေရာအများဆုံးရသော နိုင်ငံရေးပါတီခေါင်းဆောင်ကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်၍ အစိုးအရအဖွဲ့အား ဦးဆောင်စေသည်။

ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီတွင် ဘုရင်ခံချုပ်အား လွှဲအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များဆောင်ရွက်ရာတွင် ဖက်ဒရယ်အုပ်ချုပ်ရေးကောင်စီ၏ အကြံပြုချက်နှင့်အညီ ကောက်ယူဆောင်ရွက်ရမည်။[16]

ဘုရင်ခံချုပ်သည် ပြည်နယ်ဝန်ကြီးများကို ခန့်အပ်နိုင်ပါသည်။[17] ပါလီမန်က အခြားပြဋ္ဌာန်းချက်များမရှိသေးသည့်တိုင် ပြည်နယ်ဝန်ကြီးများ၏ အရေအတွက်သည် ခုနှစ်ဦးထက်မပိုစေဘဲ ပါလီမန်ကပြဋ္ဌာန်းထားသကဲ့သို့ သို့မဟုတ် ဘုရင်ခံချုပ်၏ ညွှန်ကြားချက်များအရ ရာထူးတာဝန်ထမ်းဆောင်ရမည်။[18]

---

[12] Section 61 Australia Constitution 1901

[13] Ibid Section 68

[14] Ibid Section 62

[15] Prime Minister of Australia - Wikipedia

[16] Ibid Section 63

[17] Ibid Section 64

[18] Ibid Section 65

ကောင်စီတွင် ဓနသဟာယအစိုးရအုပ်ချုပ်ရေး၏ အခြားသောအရာရှိများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းများကို ဘုရင်ခံချုပ်ထံအပ်နှင်းထားပါသည်။[19] အချို့သောဌာနများ ပြောင်းရွှေ့ခြင်းလည်း ပြုလုပ်နိုင်သည်။[20]

အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ၎င်းတို့၏ဆောင်ရွက်ချက်များနှင့် ၎င်းတို့က ကြီးကြပ်သည့်အောက်လွှတ်တော်ရှိ အစိုးရဌာနများ၏ ဆောင်ရွက်ချက်များအတွက် တာဝန်ရှိသည်။ အောက်လွှတ်တော်သည် ဝန်ကြီးများနုတ်ထွက်ခြင်းအတွက် မဲပေးခွင့်ရှိသည်။ လက်တွေ့တွင် ဝန်ကြီးတစ်ဦးအားအမိကပါတီက ဆန္ဒရှိလျှင် အခြားရာထူးတစ်ခုသို့ အပြောင်းအရွှေ့ သို့မဟုတ် နေရာချထားခွင့်ရှိသည်။

### ၅.၂။ ဥပဒေပြုရေးကဏ္ဍ

ဩစတြေးလျဓနသဟာယ၏ ဥပဒေပြုရေးအာဏာကို အထက်လွှတ်တော် (Senate)၊ အောက်လွှတ်တော် (House of Representatives) နှင့် ဘုရင်၏ကိုယ်စားပြုအဖြစ် ဘုရင်ခံချုပ်အပါအဝင် ဖက်ဒရယ်ပါလီမန်တွင် အပ်နှင်းထားပါသည်။[21]

#### ၅.၂.၁။ အထက်လွှတ်တော် (Senate)

အထက်လွှတ်တော် (Senate)ကို ပြည်နယ်တစ်ခုချင်းစီမှ လွှတ်တော်အမတ် ၇၆ ဦးဖြင့် ဖွဲ့စည်းပြီး၊ ပြည်နယ်၏ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်၏ သက်တမ်းသည် (၆) နှစ်ဖြစ်သည်။[22] ၁၉၇၃ ခုနှစ် ဥပဒေ အရ အမတ်ဦးရေကို သတ်မှတ်ရာတွင် နယ်မြေနှစ်ခု (Two Territories) ဖြစ်ကြသော ဩစတြေးလျအချက်အချာနယ်မြေနှင့် မြောက်ပိုင်းနယ်မြေတို့မှ နှစ်ဦးစီဖြစ်ပြီး၊ ၁၉၈၃ ခုနှစ် ဥပဒေက အမတ်ဦးရေကို သတ်မှတ်ရာတွင် ပြည်နယ်အသီးသီးအား အမတ်ဦးရေ (၁၀) ဦးမှ (၁၂) ဦးအထိ တိုးမြှင့်ခွင့်ပြုထားသည်။ သို့ဖြစ်၍ ပြည်နယ် (၆)ခုမှ လွှတ်တော်အမတ် ၁၂ ဦးကျစီဖြင့် (၇၂) ဦး၊ နယ်မြေနှစ်ခုမှ (၂)ဦးကျစီဖြင့် (၄)ဦး စုစုပေါင်း (၇၆) ဦးဖြစ်ပါသည်။

ပြည်နယ်များနှင့်နယ်ပယ်များမှ အမတ်ဦးရေ၏ထက်ဝက်ကို ၃ နှစ်တစ်ကြိမ်ရွေးချယ်သည်။ အထက်လွှတ်တော်အမတ်များ၏ အရည်အချင်းသတ်မှတ်ချက်များမှာ– အသက် (၂၁) နှစ်ပြည့်ပြီးသော ဩစတြေးလျနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး၊ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူဖြစ်ပါသည်။[23]

---

[19] Section 67 Australia Constitution 1901
[20] Ibid Section 69
[21] Ibid Section 1
[22] Ibid Section 7
[23] Ibid Section 16

ပြည်နယ်တစ်ခုချင်းစီအတွက်အထက်လွှတ်တော်အမတ်များအား ရွေးချယ်ရန် မဲဆန္ဒရှင်များ၏ အရည်အချင်းသတ်မှတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် လွှတ်တော် (ပါလီမန်)က ပြဋ္ဌာန်းထားသည့် ဥပဒေများတွင် ပါရှိသည့် အောက်လွှတ်တော်အမတ်များ ရွေးချယ်ရန် မဲဆန္ဒရှင်များ၏ အရည်အချင်းသတ်မှတ်ချက်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် မဲဆန္ဒရှင်တစ်ဦးလျှင် တစ်ကြိမ်သာ မဲပေးနိုင်ပါသည်။[24] ထို့အတူ အောက်လွှတ်တော်အမတ်များကို ရွေးချယ်ရာတွင်လည်း မဲဆန္ဒရှင်တစ်ဦးလျှင်တစ်ကြိမ်သာ မဲပေးခွင့်ရှိသည်။[25]

ဓနသဟာယပါလီမန်သည် အထက်လွှတ်တော်အမတ်များရွေးချယ်ခြင်း၏ နည်းလမ်းကို ဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်ပါသည်။ **သို့ရာတွင် အဆိုပါနည်းလမ်းသည် ပြည်နယ်များအားလုံးအတွက် တပြေးညီဖြစ်ရမည်။** ယင်းဥပဒေနှင့်အညီ ပြည်နယ်အသီးသီး၏ပါလီမန်သည် ပြည်နယ်အတွက် အထက်လွှတ်တော်အမတ်များရွေးချယ်ခြင်းနည်းလမ်းကို ဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်ပါသည်။ ပြည်နယ်ပါလီမန်သည် ပြည်နယ်အတွက် အထက်လွှတ်တော်အမတ်များ၏ ရွေးကောက်မည့် အချိန်နှင့်နေရာများကို သတ်မှတ်ခြင်းအတွက် ဥပဒေများကို ပြဋ္ဌာန်းနိုင်ပါသည်။[26]

မည်သည့်ပြည်နယ်အုပ်ချုပ်ရေးမှူးမဆို ပြည်နယ်အထက်လွှတ်တော်အမတ်များ ရွေးချယ်ခြင်းအတွက် စာချွန်တော်များထုတ်ဆင့်နိုင်သည်။ လွှတ်တော်ဖျက်သိမ်းသည့်ကိစ္စတွင် ထိုကဲ့သို့ဖျက်သိမ်းကြောင်းကြေညာသည့်နေ့မှ ဆယ်ရက်အတွင်း စာချွန်တော်များ ထုတ်ဆင့်နိုင်သည်။[27]

အထက်လွှတ်တော်သည် အခြားလွှတ်တော်လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမပြုမီ အထက်လွှတ်တော်အမတ်တစ်ဦးကို လွှတ်တော်ဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ရမည်။ အထက်လွှတ်တော်ဥက္ကဋ္ဌလစ်လပ်မှုဖြစ်ပေါ်ပါက လွှတ်တော်အမတ်တစ်ဦးကို ထပ်မံရွေးချယ်ရမည်။[28] အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်နာယကတို့ကို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ လွှတ်တော်ကိုယ်စားလှယ်များ၏အများစုမဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ပါသည်။[29] အထက်လွှတ်တော်အမတ်တစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူ၍ စာဖြင့်ရေးသား၍ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌမရှိလျှင် ဘုရင်ခံချုပ်ထံသို့ လိပ်မူ၍ စာဖြင့်ရေးသား၍ဖြစ်စေ ရာထူးမှနုတ်ထွက်နိုင်သည်။[30]

[24] Part II Section 8 Australia Constitution 1901
[25] Ibid Part III Section 9
[26] Ibid Section 9
[27] Ibid Section 12
[28] Ibid Section 17
[29] https://www.google.com/search?client=firefox-b-d&q=HOW+CAN+ELECT+PRESIDENT
[30] Ibid Section 19

လွှတ်တော်အမတ်တစ်ဦးသည် လွှတ်တော်၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်သို့ တက်ရောက်ရန် နှစ်လ ဆက်တိုက်ပျက်ကွက်နေပါက ၎င်း၏ ရာထူးနေရာလစ်လပ်သွားမည်ဖြစ်သည်။[31] အထက်လွှတ်တော်တွင် လစ်လပ်နေရာပေါ်ပေါက်သည့်အခါ အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဓနသဟာယမှ ဥက္ကဋ္ဌ ပျက်ကွက်နေပါက ဘုရင်ခံချုပ်သည် လစ်လပ်နေရာဖြစ်ပေါ်သည့် ကိုယ်စားပြုပြည်နယ် ၏ အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားရမည်။[32]

အထက်လွှတ်တော်အစည်းအဝေးတစ်ခု အထမြောက်ရန်အတွက် **အထက်လွှတ်တော်အမတ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်ရန်လိုအပ်ပါသည်။**[33] အငြင်းပွားမှုပေါ်ပေါက်ပါက များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး လွှတ်တော်အမတ်တစ်ဦးလျှင် မဲတစ်မဲသာပေးရမည်။ အထက်လွှတ်တော်ဥက္ကဋ္ဌသည် အမှုအားလုံးတွင် မဲတစ်မဲပေးပိုင်ခွင့်ရှိပါသည်။ မဲအရေအတွက်တူညီနေပါက အမှုကို ငြင်းပယ်လိုက်ပါသည်။[34]

### ၅.၂.၂။ အောက်လွှတ်တော် (House of Representatives)

အောက်လွှတ်တော် (House of Representatives) တွင် လွှတ်တော်အမတ် ၁၅၁ ဦးပါဝင်ပြီး၊ မဲဆန္ဒနယ်တစ်ခုလျှင် တစ်ဦးကျဖြင့် ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ သက်တမ်းမှာ ၃ နှစ်ဖြစ်သည်။[35] သို့ရာတွင် ဘုရင်ခံချုပ်က လွှတ်တော်ကို သက်တမ်းမစေ့မီ ဖျက်သိမ်းနိုင်သည်။ ၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ၏ ပုဒ်မ ၂၄ တွင် ကိုယ်စားလှယ်အရေအတွက်ကို လူဦးရေအပေါ်အခြေခံကာ ဥပဒေပြဋ္ဌာန်း သတ်မှတ်ရမည်ဖြစ်ကြောင်းနှင့် အထက်လွှတ်တော်အဖွဲ့ဝင်များ၏ နှစ်ဆနှင့် အနီးစပ်ဆုံး ဖြစ်ရမည်ဟု ဖော်ပြထားသည်။[36]

အောက်လွှတ်တော်အမတ်များသည် အသက် (၂၁) နှစ်ပြည့်ရမည်ဖြစ်ပြီး၊ ဩစတြေးလျနိုင်ငံသားဖြစ်သူ၊ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူဖြစ်ရမည်။[37]

---

[31] Section 20 Australia Constitution 1901
[32] Ibid Section 21
[33] Ibid Section 22
[34] Ibid Section 23
[35] Ibid Section 30
[36] Ibid Section 24
[37] Ibid Section 34

ဘုရင်ခံချုပ်သည် အောက်လွှတ်တော်အမတ်များ၏ အထွေထွေရွေးကောက်ပွဲများအတွက် စာချွန်တော်အမိန့်များထုတ်ပြန်နိုင်သည်။[38] အောက်လွှတ်တော်တွင် အငြင်းပွားမှုပေါ်ပေါက်သည့်အခါ လွှတ်တော်ဥက္ကဋ္ဌမှအပ အမတ်များ၏ များရာဆန္ဒမဲဖြင့်ဆုံးဖြတ်ပြီး မဲအရေအတွက်မတူညီပါက လွှတ်တော်ဥက္ကဋ္ဌက မဲပေးခွင့်မရှိဘဲ မဲအရေအတွက် တူညီခဲ့ပါက မိမိနှစ်သက်ရာ ဆုံးဖြတ်မဲ (Casting Vote) ပေးရမည်။[39]

လွှတ်တော်နှစ်ရပ်လုံး၏ အမတ်များသည် တာဝန်မထမ်းဆောင်မီ ဘုရင်ခံချုပ်သို့မဟုတ် ဘုရင်ခံချုပ်က တာဝန်ပေးအပ်ထားသည့် အခွင့်အာဏာရှိသူရှေ့မှောက်တွင် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပါ ဇယားတွင် ပြဋ္ဌာန်းထားသည့် ပုံစံဖြင့် ကျမ်းသစ္စာကျိန်ဆိုရပါသည်။[40]

အမတ်အရည်အချင်းမပြည့်မီသူများမှာ နိုင်ငံခြားတိုင်းပြည်ကို သစ္စာခံခြင်း၊ ဓနသဟာယ သို့မဟုတ် ပြည်နယ်ဥပဒေအရ ထောင်ဒဏ် (၁) နှစ် သို့မဟုတ် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူ သို့မဟုတ် လူမွဲအဖြစ်ခံယူထားသူ သို့မဟုတ် ဗြိတိန်နိုင်ငံ၏ ချားလ်စ်ဘုရင် (ယခင် အက်လိဇဘက်စ်ဘုရင်မ II)၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်း သို့မဟုတ် ကုမ္ပဏီဝန်ထမ်းမှလွဲ၍ သဘောတူညီချက်ဖြင့် ဓနသဟာယ၏ ပြည်သူ့ဝန်ထမ်းအဖြစ် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ အကျိုးခံစားနေသူသည်တို့ပါဝင်ပါသည်။[41]

## ၅.၂.၃။ ပါလီမန်

ဖက်ဒရယ်ပါလီမန်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) တို့ ပါဝင်ပါသည်။ ပါလီမန်၏ အဓိကလုပ်ငန်းတာဝန်မှာ ဥပဒေများပြဋ္ဌာန်းရန်ဖြစ်ပါသည်။ ဥပဒေများအားလုံးကို ပါလီမန်က ပြဋ္ဌာန်းပြီး ဘုရင်ခံချုပ်က အတည်ပြုလက်မှတ်ရေးထိုးရပါမည်။

၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ အခန်း ၅ ပုဒ်မ ၅၁ တွင် ဖက်ဒရယ်ပါလီမန်က ဥပဒေပြုပြဋ္ဌာန်းနိုင်သည့် နယ်ပယ်ကို ဖော်ပြထားသည်။ ဖက်ဒရယ်ဥပဒေပြုရေးတွင် ပြည်နယ်များ၏ဥပဒေ ပြဋ္ဌာန်းနိုင်ခွင့်လည်းပါဝင်သည်။ ပါလီမန်သို့အပ်နှင်းထားသော လုပ်ပိုင်ခွင့်များမှာ ကာကွယ်ရေး၊ ပြည်ပရေးရာကိစ္စများ၊ ပြည်တွင်းပြည်ပကုန်သွယ်ရေး၊ အခွန်ကောက်ခံခြင်း၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ၊ ထိမ်းမြားလက်ထပ်ခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း၊ လူဝင်မှုကြီးကြပ်ရေး၊ ဒေဝါလီခံခြင်း၊ နိုင်ငံတွင်း စက်မှုလုပ်ငန်းများတွင် ဖြန်ဖြေပေးခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအစရှိ

---

[38] Ibid Section 32
[39] Section 40 Australia Constitution 1901
[40] Ibid Section 42
[41] Ibid Section 44

သည်တို့ဖြစ်သည်။[42] ပါလီမန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဓနသဟာယ၏ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောအစိုးရအတွက် ဥပဒေများပြဋ္ဌာန်းရန် သီးသန့် လုပ်ပိုင်ခွင့်ရှိသည်။ အများပြည်သူအတွက် ဓနသဟာယအစိုးရ၏ ရုံးစိုက်ရာဒေသ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရအုပ်ချုပ်ရေးအာဏာပိုင်များကို ပြောင်းရွှေ့ခန့်ထား ခြင်း၊ ပါလီမန်၏ သီးသန့်လုပ်ပိုင်ခွင့်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်သော အခြားကိစ္စရပ်များဖြစ်သည်။[43]

သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ ပြည်နယ်တစ်ပြည် နယ်သို့ ဘဏ္ဍာငွေခွင့်ပြုရန် လုပ်ပိုင်ခွင့်အာဏာကို ဓနသဟာယပါလီမန်အား အပ်နှင်း ထားပါသည်။[44]

### ၅.၂.၄။ ပြည်နယ်များနှင့်၎င်းတို့၏ဥပဒေပြုအာဏာများ

ဖက်ဒရယ်စနစ်အရ သြစတြေးလျဖွဲ့စည်းပုံအခြေခံအက်ဥပဒေကို ပြဋ္ဌာန်းပြီး နောက် ယခင်ကိုလိုနီ ၆ ခုသည် သြစတြေးလျ၏ ပြည်နယ် ၆ ပြည်နယ်ဖြစ်လာသည်။ ဖက်ဒရယ်စနစ်မတိုင်မီက ကိုလိုနီ ၆ ပြည်နယ်အသီးသီးသည် ၎င်းတို့၏ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေရှိသည်။ သြစတြေးလျဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ဆက်လက်ထိန်းသိမ်းထားရန် ရှင်းလင်းစွာ အာမခံ ပေးထားပါသည်။ သို့ရာတွင် သြစတြေးလျဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များကို စည်းနှောင်မှုရှိပြီး ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် သြစတြေးလျ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်သည်ဟု ဖော်ပြထားသည်။[45]

### ၅.၂.၅။ ဓနသဟာယနှင့်ပြည်နယ်လုပ်ပိုင်ခွင့်အာဏာများအကြား ဆက်နွယ်မှု

ပြည်နယ်ပါလီမန်များသည် ဓနသဟာယပါလီမန်ထက် ပို၍ကျယ်ပြန့်စွာ ဥပဒေ များကို ပြဋ္ဌာန်းနိုင်သော်လည်း ယေဘုယျအားဖြင့် ဓနသဟာယသည် ပို၍လုပ်ပိုင်ခွင့် အာဏာရှိကြောင်းကို ပုဒ်မ ၁၀၉ အရ မှတ်ယူနိုင်သည်။ ပုဒ်မ ၁၀၉ တွင် ပြည်နယ် ပါလီမန်၏ ဥပဒေတစ်ရပ်သည် ဓနသဟာယဥပဒေနှင့် ဆန့်ကျင်ကွဲလွဲနေပါက ဓနသဟာယဥပဒေအရ လိုက်နာရမည်ဖြစ်ပြီး ပြည်နယ်ဥပဒေသည် ဆန့်ကျင်ကွဲလွဲသည့် အတိုင်းအတာအထိ ပျက်ပြယ်သည်။

---

[42] Ibid Section 51

[43] Section 52 Australia Constitution 1901

[44] Ibid Section 96

[45] Ibid Section 106-108

ထို့ပြင် ပြည်နယ်များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် လုံလောက်သော အခွန်အခတိုးမြှင့်ခွင့်မရှိပါ။ ဒုတိယကမ္ဘာစစ်အတွင်း ဓနသဟာယ ပါလီမန်သည် ပြည်နယ်များမှ ဝင်ငွေခွန်ချမှတ်ခြင်းကို ဖယ်ထုတ်ပစ်လိုက်ပြီး ထိုအချိန်က တည်းက နိုင်ငံရေးနှင့် ဝင်ငွေခွန်အကျိုးရလဒ်ကြောင့် စီးပွားရေးအရထည့်သွင်းစဉ်းစားရ မည့်အချက်များကို ဓနသဟာယကသာလျှင် ချမှတ်နိုင်သည်။

ပြည်နယ်များသည် အကောက်ခွန်များ၏ အခွန်အခများကိုလည်း ကျင့်သုံးချမှတ် နိုင်ခြင်းမရှိပါ။[46] ထို့ကြောင့် ပြည်နယ်များသည် ဓနသဟာယထံမှ ခွင့်ပြုထားသည့် ဘဏ္ဍာ ရေးအထောက်အပံ့ကို လက်ခံရရှိသည်။

## ၅.၃။ တရားစီရင်ရေးကဏ္ဍ (The Judiciary)

ဓနသဟာယနိုင်ငံ၏ တရားစီရင်ရေးအာဏာကို ဩစတြေးလျနိုင်ငံ၏ တရားရုံး ချုပ် (High Court) ဟုခေါ်တွင်ရမည့် ဖက်ဒရယ်တရားလွှတ်တော်ချုပ် (Federal Supreme Court) တွင် အပ်နှင်းထားရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဖက်ဒရယ် တရားစီရင်ရေး အရ အာဏာအပ်နှင်းထားသော အခြားတရားရုံးများလည်းပါဝင်သည်။ ယင်းတရားရုံးများ မှာ ဩစတြေးလျနိုင်ငံ၏ ဖက်ဒရယ်တရားရုံး (Federal Court of Australia) ၊ Federal Circuit Court and Family Court of Australiaနှင့် ပြည်နယ် တရားရုံးများဖြစ်သည်။[47]

### ၅.၃.၁။ တရားရုံးချုပ် (High Court of Australia)

တရားရုံးချုပ် (High Court of Australia) သည် ဩစတြေးလျနိုင်ငံ၏ အမြင့်ဆုံးတရား ရုံးဖြစ်သည်။ နောက်ဆုံးအယူခံတရားရုံးလည်းဖြစ်သည်။ တရားရုံးချုပ် ကို တရားသူကြီးချုပ်နှင့် ပါလီမန်က အတည်ပြုခြင်းခံရသည့် ၂ ဦးထက်မနည်းသော တရားသူ ကြီးများဖြင့် ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပြီး လက်ရှိဩစတြေးလျနိုင်ငံ၏ တရားရုံးချုပ်ကို တရားသူကြီးချုပ်အပါအဝင် တရားသူကြီး (၇) ဦးဖြင့် ဖွဲ့စည်းထားပါ သည်။

ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအရ တရားသူကြီးများအား ဘုရင်ခံချုပ်က ခန့်အပ်ပြီး တရားသူကြီးများသည် အကျင့်သိက္ခာပျက်ပြားခြင်းနှင့် စွမ်းဆောင်ရည်မရှိခြင်းတို့အတွက် လွှတ်တော်နှစ်ရပ်လုံး၏ တောင်းဆိုမှုဖြင့်သာ ရာထူးမှဖယ်ရှားနိုင်သည်။ ထို့ပြင် တရားသူ ကြီးများခံစားခွင့်ရှိသော လစာငွေများကို ပါလီမန်က အတည်ပြုပြဋ္ဌာန်းထားပြီး တာဝန် ထမ်းဆောင်ချိန်အတွင်း လျှော့ပေါ့ခြင်းမပြုနိုင်ပေ။ အငြိမ်းစားယူရမည့်အသက် ကန့်သတ်

---

[46] Section 90 Australia Constitution 1901

[47] Ibid Chapter III Section 71 "The judicial power of the Commonwealth shall be vested in a Federal Supreme Court, to be called the High Court of Australia, and in such other federal courts as the Parliament creates, and in such other courts as it invests with federal jurisdiction. The High Court shall consist of a Chief Justice, and so many other Justices, not less than two, as the Parliament prescribes".

ချက်မှာ (၇၀) နှစ်ဖြစ်သည်။ ဗဟိုအဆင့်တရားသူကြီးများကို ရှေ့နေအသင်း၏ တင်ပြချက်များနှင့်အတူ အဆင့်အတန်းမြင့်ရှေ့နေကြီး (Senior Barristers) ထဲမှ အစိုးရအဖွဲ့ နှင့် ရှေ့နေချုပ်တို့က ရွေးချယ်သည်။ တရားရုံးချုပ် သို့မဟုတ် တရားရုံးတစ်ရုံး၏ တရားသူကြီးတစ်ဦးသည် ဘုရင်ခံချုပ်ထံသို့ လိပ်မူ၍ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။[48]

### ၅.၃.၁.၁။ တရားရုံးချုပ်၏ မူလစီရင်ပိုင်ခွင့်

သြစတြေးလျနိုင်ငံ၏ တရားရုံးချုပ်သည် မည်သည့်ပဋိညာဉ်အရမဆို ပေါ်ပေါက်လာသောကိစ္စများ၊ အခြားနိုင်ငံများ၏ ကောင်စစ်ဝန်များ သို့မဟုတ် အခြားကိုယ်စားလှယ်များအား ထိခိုက်စေသည့်ကိစ္စများ၊ ဓနသဟာယအဖွဲ့ သို့မဟုတ် ဓနသဟာယကိုယ်စား တရားစွဲဆိုခံရသူ သို့မဟုတ် တရားစွဲခံရသူသည် ပါတီတစ်ခုဖြစ်သည့်ကိစ္စများ၊ ပြည်နယ်များအကြား သို့မဟုတ် ပြည်နယ်အသီးသီးတွင် နေထိုင်သူများအကြား သို့မဟုတ် ပြည်နယ်တစ်ခုနှင့် အခြားပြည်နယ်တစ်ခု၏ နေထိုင်သူများအကြား ဖြစ်ပွားသည့်ကိစ္စများနှင့် ဓနသဟာယအရာရှိတစ်ဦးအား အာဏာပေးစာချွန်တော် သို့မဟုတ် တားမြစ်စေစာချွန်တော် သို့မဟုတ် စာချွန်တော်အမိန့်တစ်ရပ်ကို တောင်းခံခြင်းကိစ္စများတွင် မူလစီရင်ပိုင်ခွင့်အာဏာရှိသည်။[49]

### ၅.၃.၁.၂။ တရားရုံးချုပ်၏ အယူခံစီရင်ပိုင်ခွင့်

ပါလီမန်ကပြဋ္ဌာန်းထားသော စည်းမျဉ်းများ၊ ချွင်းချက်များနှင့်အညီ တရားရုံးချုပ်သည် ၎င်း၏ မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားသူကြီးတစ်ဦးဦး သို့မဟုတ် တရားသူကြီးများကဖြစ်စေ၊ ဖက်ဒရယ်တရားရုံးကဖြစ်စေ၊ ဖက်ဒရယ်စီရင်ပိုင် ခွင့်ကျင့်သုံးသည့် တရားရုံးတစ်ရုံးရုံးကဖြစ်စေ၊ ပြည်နယ်တရားရုံး သို့မဟုတ် ပြည်နယ် တရားရုံးချုပ်ကဖြစ်စေ၊ the Inter-State Commission[50] ကဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်များ၊ ဒီကရီများ၊ အမိန့်များနှင့် ပြစ်ဒဏ်များအားလုံး၏ အယူခံမှုများကို ကြားနာခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးတွင် အပြီးအပြတ် အတည်ဖြစ်သည်။[51]

## ၅.၃.၂။ The Inter-State Commission

ပုဒ်မ ၁၀၁ တွင် ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဒီကရီအတည်ပြုမှု၊ ဇာရီမှုများနှင့် ပဋိညာဉ်ပါအတိုင်း ဆောက်ရွက်ပေးစေလိုမှုအတွက် ပါလီမန်က လိုအပ်သည်ဟုယူဆ၍ The Inter-State Commission

---

[48] Ibid Section 72
[49] Section 75 Australia Constitution 1901
[50] Ibid Section 101
[51] Ibid Section 73

ကို ဖွဲ့စည်းထားပါသည်။ ကော်မရှင်အဖွဲ့ဝင်များကို ဘုရင်ခံချုပ်က ခန့်အပ်ပါသည်။ ရာထူးသက်တမ်းမှာ ၇ နှစ်ဖြစ်ပါသည်။ အကျင့်သိက္ခာပျက်ပြားခြင်းနှင့် စွမ်းဆောင်ရည်မရှိခြင်းတို့အတွက် လွှတ်တော်နှစ်ရပ်လုံး၏ တောင်းဆိုမှုဖြင့်သာ ရာထူးမှဖယ်ရှားနိုင်သည်။ ပါလီမန်က အတည်ပြုပြဋ္ဌာန်းသည့် လစာငွေကို ရပိုင်ခွင့်ရှိ တာဝန်ထမ်းဆောင်ချိန် အတွင်း လျှော့ပေါ့ခြင်းမပြုနိုင်ပေ။[52]

## ၅.၃.၃။ ဖက်ဒရယ်တရားရုံး

ဖက်ဒရယ်တရားရုံးကို ၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဖက်ဒရယ်တရားရုံးသည် စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ဒေဝါလီခံခြင်း၊ အကောက်ခွန်၊ လူဝင်မှုကိစ္စများနှင့် ဖက်ဒရယ်ဥပဒေ၏ အခြားကိစ္စများနှင့်စပ်လျဉ်းသည့်ကိစ္စများကို ကြားနာနိုင်ပြီး ခုံရုံးများနှင့် အခြားအဖွဲ့အစည်းများ၏ အယူခံမှုများနှင့် (ဩစတြေးလျနိုင်ငံ ဖက်ဒရယ်မိသားစုရေးရာတရားရုံးမှ မိသားစုရေးရာဥပဒေနှင့်မသက်ဆိုင်သော အမှုကိစ္စများ) တွင် အယူခံမှုများကို ကြားနာရန်လည်း အခွင့်အာဏာရှိသည်။

တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များသည် ဖက်ဒရယ်တရားရုံးအပေါ် စည်းနှောင်မှုရှိသည်။ ဖက်ဒရယ်တရားရုံးတွင် တရားသူကြီး (၇) ဦးဖြင့် ဖွဲ့စည်းထားပြီး အယူခံအဆင့်တွင် အများအားဖြင့် ၃ ဦး၊ အရေးပါသော အမှုများတွင် ၅ ဦးပါဝင်ဆုံးဖြတ်ပါသည်။[53]

## ၅.၃.၄.၁။ ဖက်ဒရယ်အထူးရာဇဝတ်တရားရုံးနှင့်မိသားစုရေးရာ တရားရုံး

ဖက်ဒရယ်တရားရုံးနှင့် မိသားစုရေးရာတရားရုံးသည် မိသားစုရေးရာဥပဒေနှင့် ကလေးသူငယ်ထောက်ပံ့ပေးရေး၊ အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ ရေတပ်မတော်ဆိုင်ရာဥပဒေ၊ ဒေဝါလီခံခြင်း၊ စာမူမူပိုင်ခွင့်၊ လူ့အခွင့်အရေးများ၊ စက်မှုလုပ်ငန်းနှင့်ဆိုင်သောဥပဒေ၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ လျှို့ဝှက်ချက်နှင့် ကုန်သွယ်မှုဥပဒေများနှင့်စပ်လျဉ်းသည့်ကိစ္စများအပေါ် စီရင်ပိုင်ခွင့်ကို မိသားစုရေးရာတရားရုံးနှင့် ဖက်ဒရယ်တရားရုံးတို့ပေါင်း၍ ဖွဲ့စည်းထားသော အလယ်အလတ်အဆင့်နှင့် လက်အောက်ခံတရားရုံးတစ်ရုံးဖြစ်ပါသည်။ ဖက်ဒရယ်တရားရုံးနှင့် မိသားစုရေးရာတရားရုံးကို ဌာနနှစ်ခုခွဲထားပါသည်။

[52] Ibid Section 103

[53] [Judiciary of Australia - Wikipedia](Judiciary of Australia - Wikipedia)

ပထမဌာနခွဲမှာ သြစတြေးလျနိုင်ငံ၏ မိသားစုရေးရာတရားရုံးဖြစ်ပြီး မိသားစုရေးရာဥပဒေ ကိစ္စများနှင့်ပတ်သက်၍ မှတ်တမ်းတရားရုံးဖြစ်သည်။ ယင်းဌာန တွင် တရားသူကြီး ၃၅ ဦးပါဝင်ပါသည်။

ဒုတိယဌာနခွဲမှာ သြစတြေးလျနိုင်ငံ၏ ဖက်ဒရယ်တရားရုံးဖြစ်ပြီး တရားရုံး တည်ထောင်ခြင်း မတိုင်မီက မိသားစုရေးရာဥပဒေကိစ္စရပ်များအများစုနှင့် ရွှေ့ပြောင်း သွားလာခြင်း၊ ဒေဝါလီခံခြင်းနှင့် ရေတပ်မတော်ဆိုင်ရာကဲ့သို့သော ဖက်ဒရယ်ဥပဒေကိစ္စ ရပ်များနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပါသည်။ ယင်းဌာနတွင် တရားသူကြီး ၇၆ ဦး ပါဝင်ပြီး ၅၅ ဦးမှာ မိသားစုရေးရာဥပဒေတွင် အထူးကျွမ်းကျင်သူများနှင့် ကျန်သူများမှာ ဖက်ဒရယ်ဥပဒေနှင့် ရွှေ့ပြောင်းသွားလာခြင်းကိစ္စများတွင် ပညာရှင်များဖြစ်ပါသည်။

တရားသူကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် ဖက်ဒရယ်တရားရုံးနှင့် မိသားစုရေးရာတရားရုံးကို လည်ပတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယတရားသူကြီးချုပ် တစ်ဦးက တရားရုံး၏ ဌာနခွဲနှစ်ရပ်လုံးအား အထောက်အကူပေးရပါသည်။ ဒုတိယတရား သူကြီးချုပ် တစ်ဦးက ဌာနခွဲနှစ်ရပ်၏ ဖက်ဒရယ်ဥပဒေနှင့် တရားမျှတရေးလုပ်ငန်း၏ စီမံခန့်ခွဲမှုတွင် ကူညီဆောင်ရွက်ပေးရပါသည်။[54]

## ၅.၃.၄။ ပြည်နယ်နှင့်ဒေသတရားရုံးများနှင့်ခုံရုံးများ (Tribunals)

ပြည်နယ်နှင့်ဒေသအသီးသီးတွင် ၎င်းတို့၏ ကိုယ်ပိုင်တရားရုံးအဆင့်ဆင့်ရှိပါသည်။ ထို့ပြင် ပြည်နယ်များနှင့် ဒေသများအားလုံးတွင် တရားရုံးချုပ်တစ်ရုံးစီရှိပြီး ထိုပြည်နယ် နှင့် ဒေသအတွင်း အမြင့်ဆုံးတရားရုံးဖြစ်၍ မှတ်တမ်းတရားရုံးလည်းဖြစ်ပါသည်။ ထိုတရားရုံးများတွင် အယူခံမှုများကိုလည်း စီရင်ပိုင်ခွင့်ရှိပါသည်။

တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များသည် ပြည်နယ်နှင့်ဒေသတရားရုံးချုပ်များ အပါ အဝင် သြစတြေးလျနိုင်ငံတရားရုံးများအားလုံးအပေါ်တွင် စည်းနှောင်မှုရှိပါသည်။

ပြည်နယ်နှင့်ဒေသတရားရုံးများသည် ဖက်ဒရယ်တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင် သည်။ သို့ရာတွင် ဝိရောဓိဖြစ်စေသော မည်သည့်ကိစ္စအတွက်ကိုမဆို ဗဟိုအစိုးရ၏ ဥပဒေ ဖြင့်သာ လွှမ်းမိုးဖြေရှင်းစေရသည်။

ပြည်နယ်အများစုတွင် ထပ်မံ၍ တရားရုံးအဆင့် ၂ ဆင့်ရှိပါသည်။ ခရိုင်တရားရုံး (သို့မဟုတ် ဝိတိုရိယစီရင်စုတရားရုံး)တွင် ပြစ်မှုဆိုင်ရာစစ်ဆေးစီရင်ခြင်းနှင့် တရားမ မှုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပါသည်။ အထူးရာဇဝတ်တရားရုံး (သို့မဟုတ် ဒေသ တွင်းတရားရုံး)တွင် အကျဉ်းနည်းကိစ္စရပ်များနှင့် သေးငယ်သောတရားမကိစ္စရပ် များကို ကိုင်တွယ်ဖြေရှင်းပါသည်။ ခရိုင်သို့မဟုတ် စီရင်စုတရားရုံးများမရှိသည့် တရား စီရင်ပိုင်

[54] Judiciary of Australia - Wikipedia

ခွင့်များတွင် အဆိုပါကိစ္စရပ်များကို တရားရုံးချုပ်များက ဖြေရှင်းဆောင်ရွက်သည်။ သို့ရာတွင် တက်စ်မေးနီးယားနှင့် ဒေသကြီး ၂ ခုတွင်သာ တရားရုံးချုပ်လက်အောက်တွင် အထူးရာဇဝတ်တရားရုံးရှိပါသည်။

တက်စ်မေးနီးယားမှတစ်ပါး ပြည်နယ်များနှင့် ဒေသကြီးများအားလုံးတွင် တရားမနှင့် အုပ်ချုပ်ရေးဆိုင်ရာခုံရုံးတို့ရှိပါသည်။ ယင်းတရားရုံးများသည် ပြည်နယ် သို့မဟုတ် ဒေသအုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်းသည့် အမှုများကို ကြားနာသည်။[55]

## ၆။ နိုင်ငံသားများ၏ မူလအခွင့်အရေးများ

ဒီမိုကရေစီနိုင်ငံအများစုနှင့်မတူညီဘဲ သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေတွင် Bill of Rights အား သီးခြားအခန်းကဏ္ဍဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပါ။ သြစတြေးလျနိုင်ငံ၏ ၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း အခွင့်အရေးနှင့်ဆိုင်သော ပုဒ်မ ၅ ခုသာ တွေ့ရှိရပါသည်။ ၎င်းတို့မှာ- ပုဒ်မ ၄၁ တွင် ဆန္ဒမဲပေးပိုင်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၅၁ ပုဒ်မခွဲ ၃၁ တွင် ဗဟိုအစိုးရ၏ ပစ္စည်းသိမ်းယူခြင်းအတွက် တရားမျှတသည့် လျော်ကြေးပေးရန်ကိုလည်းကောင်း၊ ပုဒ်မ ၈၀ တွင် တရားစီရင်ရာ၌ ဂျူရီစနစ်ဖြင့် စစ်ဆေးစီရင်ပိုင်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၁၁၆ တွင် လွတ်လပ် စွာကိုးကွယ်ယုံကြည်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၁၁၇ တွင် ပြည်နယ်၏ အခြေချနေထိုင်ခွင့် အပေါ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ခြင်းတို့ဖြစ်ပါသည်။[56]

## ၇။ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review) နှင့်စပ်လျဉ်းသည့် အမှုအား လေ့လာတင်ပြခြင်း

တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Judicial Review) ဆိုသည်မှာ ဥပဒေပြုရေး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်သည့် တရားစီရင်ပိုင်ခွင့်အာဏာဖြစ်ပါသည်။

သြစတြေးလျနိုင်ငံ တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ သို့မဟုတ် တရားမမှုဆိုင်ရာ နှင့် အခြားသောစီရင်ချက်၊ ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ ပုဒ်မ ၇၅ အရ မူလစီရင်ပိုင်ခွင့်အာဏာအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသောကိစ္စများ သို့မဟုတ် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပါလီမန်က ပြဋ္ဌာန်းသော ဥပဒေတစ်ရပ်ရပ်အရ ပေါ်ပေါက်လာသည့်ကိစ္စ၊

---

55 [Judiciary of Australia - Wikipedia]

56 *https://humanrights.gov.au/our-work/rights-and-freedoms/how-are-human-rights-protected-australian-law*

ရေတပ်နှင့်ရေကြောင်း တရားစီရင်ပိုင်ခွင့်ကိစ္စနှင့် ပြည်နယ်အသီးသီး၏ ဥပဒေများအရ တောင်းဆိုလာသည့်ကိစ္စများတွင်လည်း စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည်။[57]

The Commonwealth of Australia v The State of Tasmania 1983 HCA 21, (1983) 158 CLR 1 အမှုတွင် တက်စမေးနီးယားပြည်နယ် အစိုးရက ဩစတြေးလျနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တားမြစ်သည့် ဥပဒေများပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာအား ဖက်ဒရယ်အစိုးရသို့ အပ်နှင်းခြင်းမရှိကြောင်း ကန့်ကွက်သည့်အတွက် ပေါ်ပေါက်လာသည့် အမှုကိစ္စဖြစ်ပါသည်။

တက်စမေးနီးယားပြည်နယ် Gordon မြစ်ပေါ်တွင် ရေအားလျှပ်စစ်ဆည်တည်ဆောက်မှုအဆိုပြုချက်အပေါ် တက်စမေးနီးယားပြည်နယ်က ထောက်ခံခဲ့ပြီး ဩစတြေးလျဖက်ဒရယ်အစိုးရနှင့် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော အဖွဲ့အစည်းများ က ကန့်ကွက်ခဲ့သည့်အပေါ် အခြေခံပါသည်။

အမှုနောက်ခံမှာ– ၁၉၇၈ ခုနှစ်တွင် တက်စမေးနီးယားပြည်နယ်အစိုးရ၏ ရေအားလျှပ်စစ်ကော်မရှင်သည် တက်စမေးနီးယားပြည်နယ်၊ အနောက်တောင်အရပ်ရှိ ကျောက်ဆောင်ကျောက်ကမ်းပါးပေါများသောနေရာရှိ Gordon မြစ်နှင့် Franklin မြစ်ဆုံ၏ အောက်ဘက် Gordon မြစ်ပေါ်တွင် ရေအားလျှပ်စစ်ဆည်ဆောက်လုပ်ရန် အဆိုပြုခဲ့သည်။ ဆည်သည် Franklin မြစ်ကို ရေလွှမ်းမိုးမှုဖြစ်ခဲ့သည်။ **၁၉၈၁ ခုနှစ်တွင် Australian Labor Party အစိုးရက မြစ်အား ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းမှုတွင် Wild Rivers National Park ကို တည်ထောင်ခဲ့ပါသည်။** Gordon အောက်ဘက် Olga မြစ်ဆုံသည့် Gordon မြစ်ပေါ် ပို၍ နိမ့်သောအပိုင်းတွင် အခြားဆည်ဆောက်လုပ်ခြင်းကို နယ်မြေသတ်မှတ်မျဉ်းများဖြင့် ခွင့်ပြုခဲ့သည်။

**၁၉၈၂ ခုနှစ် မေလတွင် ဆည်တည်ဆောက်မှုကို ထောက်ခံခဲ့သည့် Liberal Party of Australia အစိုးရကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ထိုအချိန်က ဖက်ဒရယ်အစိုးရကို Malcolm Fraser က ဦးဆောင်ခဲ့ပြီး** တက်စမေးနီးယားပြည်နယ်ကို လျော်ကြေးပေးဆောင်ရန်တောင်းဆိုမှုများပြုလုပ်ခဲ့သည်။ သို့ရာတွင် ဆည်တည်ဆောက်နေမှုကို တားမြစ်ရန် ကြိုးပမ်းမှုမှာ အောင်မြင်မှုမရခဲ့ချေ။

၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဓနသဟာယ Labor အစိုးရက အမည်စာရင်းတင်သွင်းမှုကို ကမ္ဘာ့အမွေအနှစ်ကော်မတီက အတည်ပြုလက်ခံပြီးနောက် UNESCO က ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်နေရာတစ်ခုအဖြစ် Franklin နယ်မြေကို ကြေညာခဲ့ပါသည်။ ၁၉၈၃ ခုနှစ် ဖက်ဒရယ်ရွေးကောက် ပွဲတွင် Labor ပါတီ၏ Bob Hawke က ဆည်တည်ဆောက်မှုကို ဝင်ရောက်ကြားဝင်၍ တားမြစ်ရန် ကတိပြုခဲ့ပါသည်။ ရွေးကောက်ပွဲအနိုင်ရပြီး

57 Section 76 Australia Constitution 1901

နောက် Labor အစိုးရသည် တက်စမေးနီးယားပြည်နယ် သဘာဝပတ်ဝန်းကျင်များတွင် ရှင်းလင်းခြင်း၊ တူးဖော်ခြင်းနှင့် အခြားသော လုပ်ဆောင်မှုများကို တားမြစ်နိုင်သည့် National Parks and Wildlife Conservation Act 1975 နှင့်အတူ World Heritage Properties Conservation Act 1983 တို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

တက်စမေးနီးယားပြည်နယ် အစိုးရက ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုစည်းမျဉ်းများ ပြဋ္ဌာန်းရန် ဖက်ဒရယ်အစိုးရသို့ အခွင့်အာဏာပေးထားခြင်းမရှိသည့်အတွက် ကန့်ကွက်ကြောင်း တရားရုံးချုပ်သို့ စောဒကတက်ခဲ့ပါသည်။

အမှုတွင် အဓိကဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာငြင်းချက်များ ပါဝင်ပါသည်။ အရေးကြီးဆုံး အချက်မှာ ၁၉၈၃ ခုနှစ် ကမ္ဘာ့အမွေအနှစ်ပစ္စည်းများထိန်းသိမ်းရေးအက်ဥပဒေ (သို့မဟုတ် ကမ္ဘာ့အမွေအနှစ်အက်ဥပဒေ)၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားဝင်မှုဖြစ်ပါသည်။ ဩစတြေးလျဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာများခွဲဝေခြင်းအား ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၁ အရ အတိအကျ သတ်မှတ်ထား ပါသည်။ ဖက်ဒရယ်အစိုးရသည် ပုဒ်မ ၅၁ ၏ ပုဒ်မခွဲများအရ ၎င်းတို့ကအဆိုပြုနိုင်သည့် အခွင့်အာဏာရှိပါသည်။ တက်စမေးနီးယားအစိုးရက ယင်းတောင်းဆိုမှုများကို အငြင်းပွားခဲ့သည်။

ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၁ ပုဒ်မခွဲ ၂၉ တွင် ပြည်ပအရေးကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေများ ပြဋ္ဌာန်းရန် အခွင့်အာဏာကို ဖက်ဒရယ်ပါလီမန်အား ပေးအပ်ထားပါသည်။ အမှုတွင် UNESCO၏ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးအစီအစဉ်ဖြစ်သည့် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် သဘောတူညီချက်တွင် ဩစတြေးလျနိုင်ငံက အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်တစ်ရပ်၏ ထိရောက်မှုရှိသော ယင်းပြဋ္ဌာန်းချက်အရ ကမ္ဘာ့အမွေအနှစ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

တက်စမေးနီးယားပြည်နယ်အစိုးရအပြင် (ဝိတိုရိယပြည်နယ်၊ နယူးဆောက်သဝေးပြည်နယ်၊ ကွင်းစလန်ပြည်နယ်တို့ကလည်း) ထိုသို့အရေးယူဆောင်ရွက်မှုကို ကန့်ကွက်ခဲ့ပါသည်။ ဖက်ဒရယ်အစိုးရက ထိုကဲ့သို့ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာ အသစ်များပေးခြင်းသည် ဥပဒေပြုရန်နယ်ပယ်များတွင် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာအပေါ် ချိုးဖောက်ခြင်းဖြစ်ပြီး "ဖက်ဒရယ်ဟန်ချက်" "federal balance" ကို ဝင်နှောက်ခြင်းဖြစ်ပါသည်။ တရားသူကြီးချုပ် Gibbs က ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် ကန့်သတ်မထားသော်လည်း "ပြည်ပရေးရာကိစ္စများ လုပ်ပိုင်ခွင့်အာဏာသည် ကန့်သတ်မထားသည့် အခြေအနေအားလုံးနီးပါးအတွက် ပြည်နယ်များ၏ လုပ်ဆောင်နိုင်မှုတွင် ပုဒ်မ ၅၁ အရ ပေးအပ်ထားသော အခြားသော လုပ်ပိုင်ခွင့်အာဏာများမှ ကွဲပြားခြားနားသည်"ဟု ပြောကြားခဲ့သည်။ "အပြည်ပြည်ဆိုင်ရာဝိသေသ

လက္ခဏာ” ဖြစ်သည့် ထိုအရေးအရာကိစ္စများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တရားရုံးအတွက် ခက်ခဲသော လုပ်ငန်းတာဝန်တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။

သို့ရာတွင် တရားသူကြီး Mason က ပြည်ပအရေးအရာကိစ္စများလုပ်ပိုင်ခွင့် အာဏာသည် ဒွိဟဖြစ်စေပြီး ကျယ်ပြန့်သည်ဟု မှတ်ချက်ပေးခဲ့ပါသည်။ ၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်ချိန်တွင် ကုလသမဂ္ဂကဲ့သို့သော အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းအနည်းငယ်သာ (နိုင်ငံပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများကို ဖော်ပြ ထားခြင်းမရှိဘဲ) ရှိသည်။ သို့ရာတွင် ယနေ့ခေတ်အချိန်တွင် နိုင်ငံများပူးပေါင်းဆောင်ရွက် သည့် နယ်ပယ်များစွာရှိပါသည်။

ယင်းဆုံးဖြတ်ချက်တွင် တရားသူကြီး Murphy က အပြည်ပြည်ဆိုင်ရာ လက္ခဏာ တစ်ရပ်ရှိသည့် ဥပဒေတစ်ရပ်အတွက် အောက်ပါအချက်များဖြင့် ပြည့်စုံရမည်ဟု သုံးသပ်ခဲ့ပါသည်–

- အပြည်ပြည်ဆိုင်ရာဥပဒေ သို့မဟုတ် ပဋိညာဉ်တစ်ရပ် အကောင်အထည် ဖော်ဆောင်ရွက်ရမည်၊
- ကုလသမဂ္ဂ သို့မဟုတ် WHO သို့မဟုတ် ILO ကဲ့သို့သော ဆက်စပ်အဖွဲ့အစည်း ၏ ထောက်ခံအတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊
- ဩစတြေးလျနိုင်ငံနှင့် ပြင်ပအဖွဲ့အစည်းများ (ပြည်တွင်း သို့မဟုတ် ပြည်ပ) အဖွဲ့အစည်းများအကြား ဆက်ဆံရေး၊
- ဩစတြေးလျနိုင်ငံတွင်း၌ အပြည်ပြည်ဆိုင်ရာနှင့်ပတ်သက်သည့် အချက် အလက်များ စသည့်များသည်

မည်သည့်အစိုးရအပေါ်တွင်မဆို စည်းနှောင်မှုမရှိသော်လည်း ကမ္ဘာ့အမွေအနှစ် နေရာများသတ်မှတ်ပေးသည့် UNESCO ၏ ဆုံးဖြတ်ချက်များကို အလေးထားကြောင်း၊ ထို့ပြင် သဘောတူညီချက် လက်မှတ်ရေးထိုးအတည်ပြုခြင်းသည် ၎င်း၏ တာဝန်ဝတ္တရား များ သဘောတူလက်ခံခြင်းနှင့် ရည်ရွယ်ချက်များကို ထိန်းသိမ်းရန် ကတိကဝတ်တစ်ရပ် အနေဖြင့် မှတ်ယူနိုင်သည်ဟု ပြောကြားခဲ့သည်။

ပုဒ်မ ၅၁ ပုဒ်မခွဲ ၂၀ တွင် ဖက်ဒရယ်အစိုးရသည် နိုင်ငံခြားရေး၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကော်ပိုရေးရှင်းများနှင့်ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းရန် လုပ်ပိုင်ခွင့်အာဏာ များရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ တက်စမေးနီးယားပြည်နယ်က အဆိုပါ လုပ်ပိုင်ခွင့် အာဏာသည် ရေအားလျှပ်စစ်ကော်မရှင်နှင့်မသက်ဆိုင်ဘဲ တက်စမေးနီးယားပြည်နယ် အစိုးရ၏ဌာနတစ်ခုကို အကျိုးဖြစ်ထွန်းစေပြီး ကုန်သွယ်ရေးကော်ပိုရေးရှင်းတစ်ခုမဟုတ် ဟု ကန့်ကွက်ခဲ့သည်။

ဆုံးဖြတ်ချက်- တရားရုံးချုပ်၏ တရားသူကြီး ၇ ဦးအနက် ၄ မဲ ၃ မဲဖြင့် ဖက်ဒရယ် အစိုးရသည် ဆည်တည်ဆောက်ခြင်းကို တရားဝင်တားမြစ်ခွင့်ရှိပြီး "ပြည်ပရေးရာကိစ္စ များ" လုပ်ပိုင်ခွင့်အာဏာအရ ကမ္ဘာ့အမွေအနှစ်အက်ဥပဒေသည် အာဏာသက်ရောက် သည်။ ဆည်ဆောက်လုပ်မှုအား တားမြစ်သည့်ပြဋ္ဌာန်းချက်သည် ကျိုးကြောင်းညီညွတ်မှုရှိ သည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

တက်စမေးနီးယားပြည်နယ်တွင် ရေအားလျှပ်စစ်ဆည်များ တည်ဆောက်ရန် ရေအားလျှပ်စစ် ကော်မရှင်၏ စီမံကိန်းများ အပြီးသတ်ခဲ့ပါသည်။

## ၈။ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပြင်ဆင်ခြင်း (Alteration of the Constitution)

၁၉၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ အခန်း (၈) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပါလီမန်က စတင်ဆောင်ရွက်ရပြီး လွှတ်တော်နှစ်ရပ် (Senate and House of Representatives) ၏ ၃ ပုံ ၂ ပုံသော လွှတ်တော်ကိုယ်စားလှယ် များက ပြင်ဆင်ချက်များကို အတည်ပြုရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ၎င်းနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရမည်။ ၁၉၀၁ ခုနှစ်မှစ၍ ပြင်ဆင်ရန် အဆိုပြုချက် (၄၄) ခုအနက် စုစုပေါင်း (၈) ခုသာ ပြင်ဆင်မှုပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းပြင်ဆင်ချက်(၈) ခုမှာ- လွှတ်တော်အမတ်ရွေးချယ်ခြင်း (Senate Election) ကိစ္စများ (၁၉၀၆)၊ နိုင်ငံတော်ကြွေးမြီ ဆိုင်ရာကိစ္စများ (State Debts) (၁၉၁၀) နှင့် (၁၉၂၈)၊ ပြည်သူ့ဝန်ထမ်းဆိုင်ရာကိစ္စများ (Social Services) (၁၉၄၆)၊ ရေးတိုင်းရင်းသားလူမျိုးများဆိုင်ရာကိစ္စများ (Aboriginals) (၁၉၆၇)၊ လွှတ်တော်အမတ်ယာယီလစ်လပ်ခြင်းဆိုင်ရာကိစ္စ (Senate Casual Vacancies) (၁၉၇၇)၊ တရားသူ ကြီးများ အငြိမ်းစားယူခြင်းဆိုင်ရာကိစ္စ (Retirement of Judges) (၁၉၇၇)နှင့် ပြည်သူ့ဆန္ဒခံယူပွဲဆိုင်ရာကိစ္စ (Referendums) (၁၉၇၇) တို့ဖြစ်ကြ သည်။

## ၉။ အရေးပေါ်ကာလပြဋ္ဌာန်းချက်

ဩစတြေးလျနေသဟာယ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေတွင် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ကို ဖော်ပြထားခြင်းမရှိပါ။ ၂၀၂၀ ခုနှစ် အရေးပေါ်ကာလကြေညာချက်အက် ဥပဒေဖြင့် သီးခြားပြဋ္ဌာန်းထားပါသည်။ ဘုရင်ခံချုပ်က အရေးပေါ်ကာလအဖြစ် ကြေငြာ နိုင်ပြီး ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။ သတ်မှတ်ကာလမှာ ၃ လထက်မပိုရဟု ပြဋ္ဌာန်း ထားပါသည်။ အရေးပေါ်ကာလအား ထပ်မံ၍တိုးမြှင့်နိုင်သော်လည်း တစ်ကြိမ်လျှင် ၃ လထက်မပိုဘဲ အကြိမ်ရေမည်မျှ တိုးမြှင့်နိုင်သည်ဟု ဖော်ပြထားခြင်းမရှိပါ။ ဩစတြေးလျ နိုင်ငံ၏ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ အရေးပေါ်အခြေအနေ ဖြစ်ပွားနေပါက၊ ဩစတြေးလျနိုင်ငံတွင်ဖြစ်စေ သို့မဟုတ် ဩစတြေးလျနိုင်ငံ၏ ပင်လယ်ဝတွင်ဖြစ်စေ အမျိုးသားရေးထိခိုက်မှု ဖြစ်ပွားနေလျှင်ဖြစ်စေ၊ နေသဟာယ၏ အကျိုးစီးပွားကို ထိခိုက်

စေလျှင်ဖြစ်စေ၊ ပြည်နယ်နှင့် ဒေသအစိုးရများတွင် အရေးပေါ်အခြေအနေ ဖြစ်ပွားနေလျှင် ဖြစ်စေ အရေးပေါ်ကာလအဖြစ် ကြေညာနိုင်သည်။[58]

## ၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့် နှိုင်းယှဉ်တင်ပြခြင်း

အုပ်ချုပ်ရေးအာဏာအနေဖြင့် ဩစတြေးလျဓနသဟာယနိုင်ငံသည် ဖက်ဒရယ် ပြည်ထောင်စုအပေါ် အခြေခံထားသော စည်းမျဉ်းခံဘုရင်စနစ် ဒီမိုကရေစီနိုင်ငံဖြစ်ပြီး အုပ်ချုပ်ရေးအာဏာကို ဘုရင်ထံ အပ်နှင်းထားသည်။ ၎င်းကိုယ်စားဘုရင်ခံချုပ်က ကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတဦးဆောင်သည့် ပြည်ထောင်စု အစိုးရအဖွဲ့က ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဥပဒေပြုအာဏာအနေဖြင့် ဩစတြေးလျနိုင်ငံ၏ ဖက်ဒရယ်ပါလီမန်တွင် အထက် လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ အထက်လွှတ်တော်ကို ပြည်နယ်တစ်ခုချင်းစီမှ ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး သက်တမ်း မှာ ၆နှစ်ဖြစ်သည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒနယ်တစ်ခုလျှင် တစ်ဦး ကျဖြင့် ဓနသဟာယ၏ ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး သုံးနှစ် သက်တမ်းဖြစ်သည်။ Single Transferable Vote (PR)စနစ်ကို ကျင့်သုံးပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံရှိ လွှတ်တော်နှစ်ရပ်လုံးတွင် မဲများသူအနိုင်ယူစနစ် ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး သက်တမ်းမှာ (၅) နှစ်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါ သည်။

တရားစီရင်ရေးကဏ္ဍတွင် ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားရုံးချုပ်၊ ဖက်ဒရယ်တရားရုံး၊ ပြည်နယ်တရားရုံးများဖြင့် ဖွဲ့စည်းထားရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပြည်ထောင်စုတရားလွှတ်တော် ချုပ်နှင့် လက်အောက်ခံတရားရုံးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စစ်ဖက်ဆိုင်ရာ တရားရုံးများဟူ၍ ဖွဲ့စည်းထားရှိသည်။

ဩစတြေးလျနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို သီးခြားတည် ထောင်ထားရှိခြင်းမရှိဘဲ တရားရုံးချုပ်သည် Judicial Review ခေါ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို High Court of Australia ခေါ် Federal Supreme Court ကသာ ကျင့်သုံး၍ Diffuse System ကို Centralize Method ဖြင့် ကျင့်သုံးကြောင်း တွေ့ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လူပုဂ္ဂိုလ်

---

[58] National Emergency Declaration Act 2020 No. 128, 2020 (https://www.legislation.gov.au/)

တစ်ဦးချင်း၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိရန်အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်နည်းလမ်းဖြင့် လျှောက်ထားနိုင်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ပြဋ္ဌာန်းသော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ စိစစ်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ စိစစ်ခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အပ်နှင်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပြင်ဆင်ခြင်းကိစ္စရပ်တွင် သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေပြင်ဆင်ရန်အတွက် လွှတ်တော် နှစ်ရပ်၏ ၃ ပုံ ၂ ပုံက ပြင်ဆင်ချက်များကို အတည်ပြု၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းဖြင့် ပြင်ဆင်နိုင် သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသော အချက်များကို လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံ ချက်ဖြင့် ပြင်ဆင် နိုင်သည့် အချက်များနှင့် ယင်း ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံချက်အပြင် လူထုဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည့် အချက်များဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြား၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါ သည်။

## ၁၁။ သုံးသပ်တင်ပြချက်

သြစတြေးလျနိုင်ငံသည် ဗြိတိသျှ၏ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားသော လူမျိုးများနှင့် မတူကွဲပြားသော ပြည်နယ်များကို ဖက်ဒရယ်ပုံစံဖြင့် ဖွဲ့စည်းထားပြီး ခိုင်မာသော ဖက်ဒရယ်ပြည်ထောင်စု အပေါ် အခြေခံထားသော စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဥပဒေစနစ်မှာ အင်္ဂလိပ်ရိုးရာဥပဒေစနစ် (Common Law Legal System) အား ကျင့်သုံးပါသည်။ ဘုရင်သည် မင်းခမ်းမင်းနားဆိုင်ရာ နိုင်ငံတော်အကြီးအကဲအဖြစ် လည်းကောင်း၊ ဘုရင်ခံချုပ်သည် ဘုရင်၏ကိုယ်စား နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်ပြီး ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ရသည့် အစိုးရအဖွဲ့ အကြီးအကဲဖြစ်ပါသည်။ အထက်လွှတ်တော်တွင် ပြည်နယ်တစ်ခုချင်းစီမှ လွှတ်တော် အမတ် ၁၂ ဦးကျစီဖြင့်လည်းကောင်း၊ အောက်လွှတ်တော်တွင်လည်း မဲဆန္ဒနယ်တစ်ခု လျှင် တစ်ဦးကျဖြင့် ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး ပြည်သူများ သည် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုရွေးချယ်ခွင့်အပြည့်အဝရရှိပါသည်။

အာဏာခွဲဝေကျင့်သုံးခြင်းတွင် သီးသန့်ဥပဒေပြဋ္ဌာန်းပိုင်ခွင့်အာဏာမှအပ ဖက်ဒရယ် အစိုးရနှင့် ပြည်နယ်များအကြားတွင် ထပ်တူပြုဥပဒေပြဋ္ဌာန်းခွင့်ပေးအပ်ထား၍ ပြည်နယ် များသည် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများရှိပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရား

စီရင်ရေးတွင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ကြွင်းကျန်အာဏာ (Residual Power) နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိဘဲ ပြည်နယ်များသို့ ပေးအပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ခွဲထွက်ခွင့် (Secession) နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြမထားသော်လည်း ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ၏ နိဒါန်းပိုင်းတွင် the Australian federation is **'indissoluble'**- not able to be broken ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နိဒါန်းပိုင်း တွင် "ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည်–

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊
- နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊
- နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံး ညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်း ကောင်း၊
- ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊"

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၆ တွင်**"နိုင်ငံတော်သည် (က) ပြည်ထောင်စု မပြိုကွဲရေး၊ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊"** (ဃ) xxxxx (င) xxxxx နှင့် (စ)xxxxxဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုကြီး ခိုင်မာစွာ တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍ ခွဲမထွက်သည့် သဘောဆန္ဒများကို ဖော်ပြသည် Expression of Consent of not to be non-integrated များဖြစ်သကဲ့သို့ ထိုအချက်များသည် Federal စနစ်ကို အကောင် အထည်ဖော်သော နိုင်ငံတိုင်း၌ စည်းလုံးညီညွတ်မှု (United) အစဉ်အမြဲဖြစ်သော Unamendable Clause အဖြစ် သတ်မှတ်ထားလေ့ရှိကြပါသည်။

၁၉၃၃ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် အနောက်ပိုင်းဩစတြေးလျ (Western Australia) သည် ခွဲထွက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်တွင် ဆန္ဒမဲခွဲဆုံးဖြတ်ချက် အရ မဲအရေအတွက် ၂၃၇ မဲတွင် ၁၉၈ မဲဖြင့် ၆၈% ရရှိခဲ့ပါသည်။ ယင်းရလဒ်အား ဗြိတိန် အစိုးရသို့ တင်သွင်းခဲ့ပြီး ဗြိတိန်အောက်လွှတ်တော်က ကော်မတီဖွဲ့စည်း၍ (၁၈) လကြာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ခွဲထွက်ခွင့်မရှိကြောင်း ကြေညာခဲ့ပါသည်။[59] ပြည်နယ်များ၏ ခွဲထွက်ခွင့်ကို ဖွဲ့စည်းပုံအခြေခံအက်ဥပဒေက ခွင့်ပြုမထားသည်ကို ယင်းအမှုက သာဓကအနေဖြင့် ပြဆိုနေပါသည်။

ဖွဲ့စည်းပုံအခြေခံအက်ဥပဒေ ပုဒ်မ ၁၀၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဥပဒေများသည် ညီညွတ်မှုမရှိသည့် အတိုင်းအတာအထိ ပျက်ပြယ်ကြောင်းပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ အဆုံးအဖြတ်ပြုရန် တရားရုံးချုပ်အား စီရင်ပိုင်ခွင့် အာဏာအပ်နှင်းထားပါသည်။

## ၁၂။ နိဂုံး

ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအရ နိုင်ငံ၏အချုပ်အခြာ အာဏာကို ပြည်သူများထံ အပ်နှင်းထားပါသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံအက်ဥပဒေကို ၁၉၀၁ ခုနှစ် အတည်ပြုပြဋ္ဌာန်းချိန်မှ ယနေ့အထိ (၈) ကြိမ်သာ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲခြင်းကို အတည်ပြုရန်အတွက် လွှတ်တော်နှစ်ရပ်၏ အများစုဆန္ဒမဲရရှိရန်၊ ပြည်လုံးကျွတ်ဆန္ဒခံယူ ပွဲတွင် မဲဆန္ဒရှင်အများစု၏ ဆန္ဒမဲရရှိရန်နှင့် ပြည်နယ် (၆) ခုအနက် ပြည်နယ် (၄) ခု၏ ထောက်ခံမဲအများစုရရှိရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရ၍ အနည်းငယ်ပြင်ဆင်ရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ Australia has a moderately rigid constitution အဖြစ် လေ့လာတွေ့ရှိရပါသည်။[60]

---

[59] https://en.wikipedia.org/wiki/House_of_Commons_of_the_United_Kingdom
[60] The Politics of Constitutional Amendment – Parliament of Australia (aph.gov.au)

# ကိုးကားသည့်စာရွက်စာတမ်းများ


၁။ Australia Constitution (၁၉၀၁)

၂။ မောင်ဝံသရေးသားသည့် ခေတ်မီနိုင်ငံရေးဝေါဟာရအဘိဓာန် (A modern Dictionary of Political Terms)၊ ၂၀၁၁၊ စာ-၁၉၄။

၃။ https://my.wikipedia.org/wiki/

၄။ https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_

၅။ Prime Minister of Australia - Wikipedia

၆။ Judiciary of Australia - Wikipedia

၇။ Cheryl Saunders, ဖက်ဒရယ်နိုင်ငံများတွင် အာဏာခွဲဝေခြင်း (IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစာတမ်းတို၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ)


၈။ National Emergency Declaration Act ၂၀၂၀ No. ၁၂၈, ၂၀၂၀ (https://www.legislation.gov.au/)

၉။ Encyclopedia of World Constitutions Copyright © ၂၀၀၇ by Gerhard Robbers


၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ (၃)၊ (၂၀၂၁ ခုနှစ်)။

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။


**နောက်ဆက်တွဲဇယားများ**





**အာဏာခွဲဝေခြင်း**


The FEDERAL GOVERNMENT raises money through taxing incomes, spending and businesses.
FEDERAL MATTERS SUCH AS
MEDICARE
DEFENCE
IMMIGRATION
FOREIGN POLICY
STATE/TERRITORY GOVERNMENTS receive more than half their money from the federal government and also collect taxes.
STATE MATTERS SUCH AS
ROADS
HOUSING
PRISONS
PUBLIC TRANSPORT
POLICE and AMBULANCE SERVICES
LOCAL COUNCILS collect taxes (rates) from all local property owners and receives money from the federal and state governments.
LOCAL MATTERS SUCH AS
TOWN PLANNING
SEWERAGE
LOCAL ROADS
RUBBISH COLLECTION

## THE LAW-MAKING PROCESS




High Court of Australia
State/Territory Courts
Commonwealth Courts
Supreme Court
Federal Court
Family Court
Intermediate Courts
(County/District Courts)
Federal Magistrates
Court
Lower Courts
(Local/Magistrates Court)

တရားရုံးဖွဲ့စည်းပုံ

**********************************************************************************